# ကြေးမုံ
# The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ တန်ခူးလကွယ်၊ အင်္ဂါနေ့။ Tuesday, 7 May 2024 ၁၁၄၅၀


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/ ၂၀၂၄)ကြိမ်မြောက်အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြု**

စာမျက်နှာ » ၃

**ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး**

ဆောင်းပါး စာမျက်နှာ » ၆

**(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲရောင်းချနိုင်ခဲ့**

စာမျက်နှာ » ၈




စိုက်ပျိုးထားသည့် ဝါပင်များအား ဆေးပက်ဖျန်းနေသည်ကို တွေ့ရစဉ်။

## ကျောက်ဆည်မြို့နယ်၌ မိုးနှောင်းဝါ လျာထားကေထက် ၁၁၇ ကေ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ၄၉၉၅၈၈၈ ပိဿာထွက်ရှိ

ကျောက်ဆည် မေ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ ကေ ၁၀၆၅၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ၁၀၇၆၇ ကေ စိုက်ပျိုးနိုင်သည့်အတွက် လျာထားကေထက် ၁၁၇ ကေ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ၄၉၉၅၈၈၈ ပိဿာထွက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

## မောက်မယ်ဒေသထွက် သဘာဝလိုင်ချီးသီးများ လှိုင်လှိုင်ပေါချိန် ရောင်းအားကောင်း

မောက်မယ် မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ဒေသထွက်လိုင်ချီးသီးများ မေလအတွင်း လှိုင်လှိုင်ထွက်ရှိလာချိန်တွင် ရောင်းအားကောင်းလျက်ရှိကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

လိုင်ချီးသီးသည် ကယ်လ်စီယမ်များစွာ ပါဝင်သောကြောင့် အေး၍ချိုမြသောအရသာနှင့် အချဉ်ဓာတ်အနည်းငယ်သာပါရှိသဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဆေးဖက်ဝင်သည့် အာဟာရဓာတ်လည်းရရှိကာ မောက်မယ်ဒေသထွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



## အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ကို မိုဘိုင်းဖုန်းအပလီကေးရှင်းသုံးကာ တစ်နေရာတည်းတွင် ပြုလုပ်နိုင်တော့မည်

ရန်ကုန် မေ ၆

"အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကို မိုဘိုင်းဖုန်း အက်ပလီကေးရှင်းသုံးကာ တစ်နေရာတည်းတွင်ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း အဆိုပါအက်ပလီကေးရှင်းကို ပြုလုပ်သည့် Myanmar Property Dealer ထံမှ သိရသည်။

**ရောင်းသူ၊ ဝယ်သူ တိုက်ရိုက်ထိတွေ့နိုင်မည်**

အဆိုပါ အက်ပလီကေးရှင်း၏ အမည်မှာMyanmar Property Dealer(MPD) ဖြစ်ကာ အဆိုပါ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် ရောင်းသူ၊ ဝယ်သူ တိုက်ရိုက်ထိတွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။ "အဓိကဘာအကျိုးရှိမလဲဆိုတော့ အိမ်ခြံမြေနဲ့ပတ်သက်တဲ့ အက်ပလီကေးရှင်းတော်တော်များများက အခကြေးငွေပေးပြီး သုံးရတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ကြေးမုံ

# အများပြည်သူဘေးအန္တရာယ်ကင်းဝေး အလျင်အမြန်ဆောင်ရွက်ပေး

တိုင်းရင်းသားပြည်သူများ မမျှော်လင့်ဘဲ ကြုံတွေ့နိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို အလျင်အမြန် ကာကွယ်ဆောင်ရွက်ပေးသော အဖွဲ့အစည်းတစ်ခုမှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဖြစ်သည်။ အထူးသဖြင့် မြို့ရွာများ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် အန္တရာယ်ကြုံတွေ့ရသည့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ အမျိုးသားရေးစိတ်ဓာတ်နှင့် စေတနာ့ဝန်ထမ်းစိတ်ဓာတ်များဖြင့် အန္တရာယ်များသည့် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့် အသက်နှင့် ခန္ဓာကိုယ်ကိုပေးဆပ်ပြီး လုပ်ကိုင်ကြသူများဖြစ်၍ မွန်မြတ်သော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်သည်။ ခေတ်အဆက်ဆက်၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စား ဆောင်ရွက်သောကြောင့် လေးစားဂုဏ်ပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မီးလောင်မှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ပေါင်း ၁၈၀၀၀ ခန့်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် ကျပ် ၁၈၇ ဘီလီယံကျော်ဖိုးခန့် ရှိသည်။ တစ်နိုင်ငံလုံး ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် မီးလောင်မှုအကြိမ်ရေ ၁၈၀၀ ခန့်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ်ကျပ် ၁၈ ဘီလီယံကျော်ရှိသည်ဟု သိရသည်။ ရာသီဥတုပြောင်းလဲမှု၊ လူဦးရေနှစ်စဉ် တိုးပွားလာမှု၊ စက်မှု၊ နည်းပညာ၊ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မီးလောင်မှုဖြစ်စဉ်များ အကြိမ်ရေများလာသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ကျစေရန်အတွက် မီးသတ်တပ်ဖွဲ့အား အဆင့်မြှင့်တင်ပြီး စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်နှင့် ပြည်သူလူထုအတွင်း မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာဗဟုသုတများ စိမ့်ဝင်ပျံ့နှံ့အောင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် အဓိကတာဝန်ဖြစ်သည့် မီးငြိမ်းသတ်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသာမက ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဓာတုဇီဝပစ္စည်းအန္တရာယ်ဘေး စသည့်ဘေးတို့မှ လွတ်ကင်းရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် အဖျက်စွမ်းအားကြီးမားသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများတွင် ပြည်သူများအား ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပေးမှုနှင့် ကြိုတင်ကာကွယ်မှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့များနှင့်အတူ ဆောလျင်ထိရောက်စွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သောကြောင့် လူအသေအပျောက်နှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးအခြေအနေရောက်အောင် လျှော့ချနိုင်ခဲ့သည်ကို တွေ့ရသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် အဆိုပါလုပ်ငန်းများအပြင် နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်မြင့်မားအောင် စွမ်းဆောင်နိုင်ခဲ့ကြသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ဂုဏ်ယူအသိအမှတ်ပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ရည်မှန်းချက်တာဝန်(၄)ရပ်ကို အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ကြကာ မီးသတ်တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းနည်းပညာများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးပြီး လေ့ကျင့်မှုနှင့် အရည်အချင်းပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နိုင်ငံသူ နိုင်ငံသားများအတွက် မီးဘေးလုံခြုံရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဖြင့် အလုပ်အကျွေးပြုရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အတိုင်း စိတ်ကောင်းစေတနာအပြည့်ဖြင့် ထိထိရောက်ရောက် လိုအပ်ချက်မရှိအောင် စွမ်းဆောင်ကြရန်နှင့် အထူးသဖြင့် မီးသတ်သမားများသည် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေသူတိုင်းကို မိမိတို့အသက်နှင့် ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင် ဆောင်ရွက်ရခြင်းကြောင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး နောင်နှစ်ပေါင်းများစွာ မြန်မာပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ချမ်းသာကို စောင့်ရှောက်ကာကွယ်နိုင်သည့် တပ်ဖွဲ့ကြီးအဖြစ် အစွန့်ရှည်အောင် ကြိုးစားတည်ဆောက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးကြည်သိန်း၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုနှင့် ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၄ (မန္တလေး) နှင့် ၂/၂၀၂၄ (ပဲခူး)၊ တရားမအထူးအယူခံမှုအမှတ် ၄၁/၂၀၂၃ (စစ်ကိုင်း)၊ ၂/၂၀၂၄ (ရန်ကုန်)၊၈/၂၀၂၄(ကချင်)၊ ၁၃/၂၀၂၄(ရန်ကုန်)နှင့် ၁၅/၂၀၂၄ (မန္တလေး) စုစုပေါင်းရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒေါ်မာလာသန်းထိုက်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

## ဦးကျော်စိုးမိုးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်စိုးမိုးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

## ကြော်ငြာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်) များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၆**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၃၅၆ | ၃,၀၆၆,၁၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၅,၆၉၀ | ၁၆,၄၉၉,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၇၀၀ | ၁၅ | ၁၁၇,၅၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၄,၃၆၈ | ၆,၄၉၇,၇၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂ | ၅,၇၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၂၁၀ | ၃၄၇,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၂၂ | ၉၉,၀၀၀ |
| MAEX | ၂,၀၅၀ | ၂,၀၅၀ | ၁၇၀ | ၃၄၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းနိုင်

နေပြည်တော် မေ ၆

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

ယခုအခါ ပြည်သူများ စာပေဖတ်ရှုလေ့လာစေရေးနှင့် စာအုပ်စာစောင်များကို လက်လှမ်းတမီထားရှိပေးနိုင်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံ လိုအပ်နေသောနေရာများတွင် ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ရာ "ပညာဒါန" အလှူအဖြစ် လှူဒါန်းလိုပါက ဖော်ပြပါ စာကြည့်တိုက် အဆောက်အအုံတစ်ခုလျှင် ကျပ်သိန်း(၁၅၀) ဖြင့် ဆောက်လုပ်လှူဒါန်းနိုင်ပါကြောင်းနှင့် ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-




❖ ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ /၀၉၄၂၀၀၄၆၇၁၅

❖ ညွှန်ကြားရေးမှူး(ပြန်/ဆက်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၆၇၃၄၁၂၀၆၄

❖ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်
ပြန်/ဆက် ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြု

နေပြည်တော် မေ ၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



**ခွင့်ပြုပေးခဲ့**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတို့မှ နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၈၁ သန်းနှင့် ငွေကျပ် ၂၈၂၇၀၂ ဒသမ ၈၉၅ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၄၂၃ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❒ **ရှေ့ဖုံးမှ**

မိုးနှောင်းချည်မျှင်ရှည်ဝါများကို သင်းတွဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအောက်ရှိ ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုတွင် ၁၀၀၆ ဧက၊ ရွာသစ်ကျေးရွာအုပ်စုတွင် ၁၅၃ ဧက၊ ရေသရောက်ကျေးရွာအုပ်စုတွင် ၁၅၅ ဧက၊ ချောင်းဆုံကျေးရွာအုပ်စုတွင် ဧက ၁၆၀၊ သရက်ပင်ကျေးရွာအုပ်စုတွင် ဧက ၁၃၀၀၊ ရဲကျေးရွာအုပ်စုတွင် ဧက ၁၁၀၀၊ ကြောင်ကျေးရွာအုပ်စုတွင် ဧက ၂၅၀၊ ကြက်သားဟင်းကျေးရွာအုပ်စုတွင် ဧက ၁၁၀၀၊ သင်္ဂတုံကျေးရွာအုပ်စုတွင် ၄၇ ဧက၊ ကလေးကျေးရွာအုပ်စုတွင် ၁၄၉ ဧက၊ မှိုင်းပန်ကျေးရွာအုပ်စုတွင် ၈၄၆ ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စုတွင် ၂၂၉၈ ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စုတွင် ၁၇၃ ဧက၊ ကုလားချောင်းကျေးရွာအုပ်စုတွင် ဧက ၁၄၀၊ အရှေ့သာဂရကျေးရွာအုပ်စုတွင် ၆၆ ဧက၊ ပြည်တော်သာကျေးရွာအုပ်စုတွင် ၃၁ ဧကနှင့် သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းအောက်ရှိ သံရွာကျေးရွာအုပ်စုတွင် ၁၁၄ ဧက၊ ပေါင်လောင်ကျေးရွာအုပ်စုတွင် ၇၀၂ ဧက၊ တောင်တော်ကျေးရွာအုပ်စုတွင် ၇၅၇ ဧက၊ ကင်းကျေးရွာအုပ်စုတွင် ဧက ၂၂၀ စုစုပေါင်း ၁၀၇၆၇ ဧက စိုက်ပျိုးခဲ့သည်။

**မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧက ၁၀၇၆၇ ဧက ရိတ်သိမ်းခဲ့ရာ ၄၉၉၅၈၈၈ ပိဿာထွက်ရှိ**

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧက ၁၀၇၆၇ ဧက ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက်နှုန်းအနေဖြင့် ၄၆၄ ပိဿာထွက်ရှိပြီး စုစုပေါင်းအထွက်နှုန်းမှာ ၄၉၉၅၈၈၈ ပိဿာ ထွက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

❂ **မောက်မယ်မှ**

သဘာဝလိုင်ချီးသီးများ ယခုလအတွင်း အနယ်နယ်အရပ်ရပ်မှ ကားများဖြင့်လာရောက်ရောင်းဝယ်သယ်ဆောင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဒေသခံတောင်သူများအနေဖြင့် နှစ်ရှည်ပင်သီးနှံများဖြစ်သည့် ရှောက်ချို၊ လိမ္မော်၊ သံပရာ၊ လိုင်ချီး၊ ကျွဲကော၊ သရက် စသည့်သီးနှံများ ဈေးနှုန်းကောင်းစွာရရှိသဖြင့် ရေကောင်းစွာရရှိသော ဥယျာဉ်ခြံမြေများ၌ တွင်တွင်ကျယ်ကျယ် ပိုမိုစိုက်ပျိုးထားကြောင်း၊ ဒေသခံများက တစ်ပိုင်တစ်နိုင် မိသားစုအိမ်ခြံဝင်းအတွင်း အရိပ်ရစိုက်ပျိုးထားသည့် လိုင်ချီးပင်များမှ အသီးများ လှိုင်လှိုင်ပေါ်၍ ဆွတ်ခူးပြီး လှည့်လည်ရောင်းချကြကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၆

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဟိုပုံးမြို့ နမ့်ဟူးဘုန်းတော်ကြီးကျောင်းဆရာတော်၏ အန္တိမစျာပနအား သွားရောက်ဖူးမြော်၊ အလှူတော်ငွေနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဟိုပုံး မေ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူးနှင့် အရာရှိကြီးများ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု နမ့်ဟူးဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် နမ့်ဟူးဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယာမ၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ကျောက်တန်းကျေးရွာအုပ်စု နမ့်ဟူးဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါယာမသည် သက်တော် ၁၀၁ နှစ်၊ ဝါတော် ၈၁ ဝါရှိပြီး ဧပြီ ၂၆ ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်သည် ပျံလွန်တော်မမူမီ ဟိုပုံးမြို့နယ် ဇောတိကာရာမ ဩဝါဒါစရိယ ပအိုဝ်းစာပေယဉ်ကျေးမှုပြန့်ပွားရေး၊ သံဃာအဖွဲ့ဩဝါဒါစရိယ၊ ဟိုပုံးမြို့နယ် သီရိမင်္ဂလာဩဝါဒါစရိယ၊ ဟိုပုံးမြို့နယ် ပရိယတ္တိပါလကစာမေးပွဲကြီး ဩဝါဒါစရိယ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေစာမေးပွဲကြီး ဩဝါဒါစရိယတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ဆရာတော်၏ ရုပ်ကလာပ်တော်အား မေ ၆ ရက် မွန်းလွဲပိုင်းတွင် နမ့်ဟူးကျေးရွာ၌ မီးသင်္ဂြိုဟ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# (၃၂)ကြိမ်မြောက် အမျိုးသားအဆင့်မုတ်သုံဖိုရမ် ကျင်းပ

နေပြည်တော် မေ ၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးစီး၍ (၃၂)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန (Multi-Hazard Early Warning Center) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အဖွင့်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်နေသောဌာနများ၊ စိုက်ပျိုးရေး ဆောင်ရွက်နေသောဌာနများ၊ ရေနှင့်ပတ်သက်၍ ဆောင်ရွက်နေသောဌာနများ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

(၃၂)ကြိမ်မြောက် မုတ်သုံဖိုရမ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီကာလ (အနောက်တောင်မုတ်သုံရာသီကာလ) အတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာယေဘုယျ ခန့်မှန်းချက်များ တင်ပြဆွေးနွေးခြင်း၊ စိုက်ပျိုးရေး မိုးလေဝသအခြေအနေနှင့် မိုးလေဝသ အသုံးအနှုန်းများ၊ မြန်မာနိုင်ငံနှင့် ငလျင်ဘေးအန္တရာယ်အကြောင်းတို့ကို ရှင်းလင်းတင်ပြခြင်း၊ ရာသီအလိုက်ခန့်မှန်းချက်များကို အသုံးပြုသည့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပြီးခဲ့သည့် ၂၀၂၃ - ၂၀၂၄ ခုနှစ် ဆောင်းရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသော ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာအတွေ့အကြုံများနှင့် သင်ခန်းစာများကို ဆွေးနွေးခြင်းနှင့် လာမည့် ၂၀၂၅ ခုနှစ် မိုးရာသီကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများ တင်ပြဆွေးနွေးခြင်း၊ ဖြည့်စွက်အကြံပြုချက်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






ပဉ္စမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ခန်းမ၌ မေ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များနှင့် စေတနာရှင် သွေးအလှူရှင်အင်အား ၆၀ က ဗဟိုအမျိုးသားသွေးလှူဘဏ်သို့ သွေးလှူဒါန်းကြစဉ်။ သတင်းစဉ်

# ဘုတ်ပြင်းမြို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

ဘုတ်ပြင်း မေ ၆

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဘုတ်ပြင်းမြို့ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ အရန်မီးသတ်လုပ်သက် ၂၅ နှစ်ပြည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ယူနီဖောင်းပေးအပ်ခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်ရွက်ပြီး သွေးလှူဒါန်းမှုအကြိမ်ရေ အများဆုံးလှူဒါန်းခဲ့သည့် ဒုတိယတပ်ကြပ် မြင့်စိုးအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းစိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။



ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၆

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များအားပေးမြှင့်တင် စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့် ဗလငါးတန်ပြည့်ဝသော လူငယ်များပေါ်ထွက်လာစေရေး ကြိုးစားဆောင်ရွက်

နေပြည်တော် မေ ၆

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။






**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒေါ်နုမြဖံနှင့် ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် လူမှုရေးရာဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စာဖတ်ရှိန် မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးမှ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၁၀ ရက်တွင် နေပြည်တော်ရှိအမျိုးသားစာကြည့်တိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာကြည့်တိုက်များတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြုလုပ်ခဲ့ပါကြောင်း၊ ထိုသို့လှူဒါန်းမှုများမှ အလှူငွေကျပ်သိန်းပေါင်း တစ်သောင်းကျော်နှင့် စာအုပ်စာစောင် ၈၅၄၀ ကို လက်ခံရရှိခဲ့ပါကြောင်း။

လက်ခံရရှိခဲ့သည့် အလှူငွေနှင့် စာအုပ်စာစောင်များကို စနစ်တကျ သုံးစွဲနိုင်ရေးနှင့် ထပ်မံပြီး အလှူငွေနှင့် စာအုပ်စာစောင်များရရှိရေး၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မူဝါဒဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို တစ်ဆက်တည်းဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ထံတင်ပြ၍ အတည်ပြုချက်ရယူပြီး 'မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ' ကို ဧပြီ ၂၂ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

**စာကြည့်တိုက် ၃၅၀၈ တိုက်သာကျန်**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် စံ ၅ ရပ်နှင့်ကိုက်ညီသည့် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက် ၆၁၀၆ ခုရှိရာ လက်ရှိအခြေအနေအရ စာကြည့်တိုက် ၃၅၀၈ တိုက်သာ ကျန်ရှိပြီး ၂၅၉၈ တိုက်မှာ ရပ်နားခဲ့ရသည်ကို စိစစ်တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူခံရရှိသည့် အလှူငွေနှင့် စာအုပ်စာစောင်များကို သုံးစွဲရာတွင် လုပ်ငန်းစဉ် (၄) ရပ် သတ်မှတ်ထားရှိပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရပ်နားထားသည့် စာကြည့်တိုက်များကို ပြန်လည်ဖွင့်လှစ်ရေး လုပ်ငန်းစဉ်၊ စာကြည့်တိုက်များ အသစ်တည်ထောင်ဖွင့်လှစ်မည့် လုပ်ငန်းစဉ်၊ ပြည်သူများစာပေဖတ်ရှုလေ့လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ စာအုပ်စာစောင်များ ဖြန့်ဝေမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်လေးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သလို ရန်ပုံငွေများ ထပ်မံရရှိရေးအတွက် လစဉ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လှူဒါန်းပွဲများ ကျင်းပရန် လိုအပ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်ရေးအတွက် လူငယ်များ အပါအဝင် ပြည်သူများ စာဖတ်ကြစေရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအလိုက် အသိပညာ နှီးနှောဖလှယ် ဆွေးနွေးလှုပ်ရှားမှုများကို အပတ်စဉ် လစဉ်အလိုက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တက်ရောက်လာကြသူများအားလုံး ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြပါရန်နှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့ပြင် ဧပြီ ၃ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူကာ စာတတ်ပြီး စာလည်း ဖတ်သည့်သူမှာ လမ်းလျှောက်နေသည့် သူနှင့်တူသဖြင့် စာပေလေ့လာဖတ်ရှုရေး တိုက်တွန်းကြရန်၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့် အတွက် ကျေးလက်ဒေသနေ ပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များ အားပေးမြှင့်တင်ပေးရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာ ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့် ဗလငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ထွက်လာစေရေး တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာဆရာမများက ကြိုးစားဆောင်ရွက်ပေးရန်။

> “မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေသူများကို အသိပညာများပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် စာကြည့်တိုက်များရှိ စာအုပ်များသည် မိမိဒေသရှိ ပညာရေးပေါ် အခြေခံ၍ အများနားလည်နိုင်သည့် စာအုပ်များဖြစ်အောင် ဆောင်ရွက်”

**စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ပေးရန်လိုအပ်**

မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၇၁ မြို့ရှိသဖြင့် စုစုပေါင်း ၈၀၁ မြို့၊ ရပ်ကွက်ပေါင်း ၃၄၈၅ ခု၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၁၀ ရှိသဖြင့် နိုင်ငံတွင်း၌ စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ပေးရန်နှင့် စာကြည့်တိုက်အင်္ဂါရပ်များနှင့်ပြည့်စုံအောင် အဆောက်အအုံများနှင့် လိုအပ်သည့် အသုံးအဆောင်များ၊ စာအုပ်များဖြည့်ဆည်းပေးသွားရန်၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေသူများကို အသိပညာများ ပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် စာကြည့်တိုက်များရှိ စာအုပ်များသည် မိမိဒေသရှိ ပညာရေးပေါ်အခြေခံ၍ အများနားလည်နိုင်သည့် စာအုပ်များ ဖြစ်အောင် ဆောင်ရွက်ပေးရန် (လုပ်ငန်းနယ်ပယ်အလိုက် အသိပညာများ ရရှိနိုင်သည့် စာအုပ်များကို ထားရှိပေးနိုင်ရန် လိုကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည်များ၊ ရေရရှိရေးနှင့် ရေသုံးစွဲမှုနည်းလမ်းများ စသည့် ပညာရပ်များကို သိရှိနားလည်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း) မြန်မာစကားပုံတွင် “ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်” ဟူ၍ ဆိုရိုးစကားရှိပြီး အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်သဖြင့် စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို မိမိတို့မြင်တွေ့နေရကြောင်း၊ ထို့ကြောင့် ပြည်သူများ လူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေရေးနှင့် အနာဂတ်တွင် အသိပညာ ကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်နှင့် ထိုသို့ ဆောင်ရွက်ပေးရာတွင်လည်း ခေတ္တခဏသာဆောင်ရွက်ခြင်းထက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားရန်၊ စာအုပ်စာပေဟူသည် မည်မျှပင်ဟောင်းနေသည်ဖြစ်စေ မဖတ်ရသေးသူများအတွက် အသစ်ပင်ဖြစ်ပြီး အသိပညာအသစ်များကို ရရှိသွားစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့် စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံတစ်ဝန်း၌ မကြာခဏ ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် စသဖြင့် လမ်းညွှန်မှာကြားခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဒေါ်နုမြဖံက အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာကြည့်တိုက်များ၏ အခြေအနေ၊ အသစ်ဆောက်လုပ်မှု၊ ပိတ်ထားသည့် စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ e- library များ အဖြစ် အဆင့်မြှင့်တင်နိုင်ရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ စာကြည့်တိုက်များ အဆင့်မြှင့်တင်နိုင်ရေး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစတင်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် နေပြည်တော် ကောင်စီဝင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာကြည့်တိုက်များ ဖွင့်လှစ်နေမှု၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်များ တည်ရှိပြီးသည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ရပ်နားစာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်ရေး၊ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌတို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

မျိုးနွယ်



ကမ္ဘာတစ်ဝန်းမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီမုန်ညင်း၊ ပန်းနှမ်းနှင့် ဆီအုန်းတို့ကိုအဓိက စိုက်ပျိုးလျက်ရှိပါတယ်။ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်းနဲ့ နေကြာတို့ကို မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲပုပ်နဲ့ ပန်းနှမ်းတို့ကို ရှမ်းပြည်နယ်၊ ဆီမုန်ညင်းကို စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂဒေသနဲ့ ရှမ်းပြည်နယ်၊ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတို့တွင် အဓိက စိုက်ပျိုးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူတစ်ဦးဟာ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ဆီ ၂ ဒသမ ၂၅ ကျပ်သား စားသုံးလျက်ရှိပါတယ်။ နှစ်စဉ် စားသုံးဖို့နဲ့ လုပ်ငန်းသုံးအတွက် စားသုံးဆီလိုအပ်ချက်၏ ၆၀-၇၀ ရာခိုင်နှုန်းအထိ ပြည်ပမှ တင်သွင်းနေရပါတယ်။ နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံကို ဆီတင်သွင်းတဲ့ နိုင်ငံအဖြစ်မှ ဆီတင်ပို့တဲ့နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး လမ်းညွှန်ချက်ပေးထားပြီး ဖြစ်ပါတယ်။

**အထွက်နှုန်းတိုးတက်စေနိုင်**

ဆီထွက်သီးနှံတွေ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် “မျိုး၊ မြေ၊ ရေ၊ နည်း” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လိုက်နာကျင့်သုံးရန် လိုအပ်ပါတယ်။ “မျိုးမှန်မှ ပျိုးသန်မည်” ဆိုတဲ့ ဆိုရိုးအတိုင်း မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းဟာ အထွက်နှုန်းကို ၁၀-၂၀ ရာခိုင်နှုန်းထိ တိုးတက်စေနိုင်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သူတောင်သူတွေ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည့် မျိုးကောင်းမျိုးသန့်တွေ အခုထက် ပိုမိုစိုက်ပျိုးလာနိုင်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(MOALI) ရှိ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူတွေ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒေသရေမြေရာသီဥတုနဲ့ကိုက်ညီပြီး ပန်းတိုင်အထွက်နှုန်းရရှိနိုင်မယ့် မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးရေးအလေးပေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေက သုံးနှစ်တစ်ကြိမ် မျိုးလဲလှယ်ပေး စိုက်ပျိုးသင့်ပါတယ်။ ဆီထွက်သီးနှံတွေဟာ နှစ်ပေါင်းများစွာ နှစ်စဉ်ဆက်တိုက် စိုက်ပျိုးလာခြင်းကြောင့် မျိုးရိုးဗီဇမျိုးရောမှုတွေ ဖြစ်ပေါ်လျက်ရှိရာ ယခုအခါ တောင်သူတွေ ပူးပေါင်းပါဝင်သော မျိုးရွေးချယ်ခြင်း၊ မျိုးမြှင့်တင်ခြင်းလုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**မြေဆီလွှာ**
**တိုးတက်ကောင်းမွန်အောင်**

သီးနှံအထွက်နှုန်း တိုးတက်စေရန် နေရာဒေသလိုက်၍ မြေဆီလွှာထိန်းသိမ်းခြင်းနဲ့ မြေဆီလွှာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ခင်းမြေဆီလွှာတွင် အာဟာရဓာတ်လျော့နည်းခြင်းဟာ သီးနှံအထွက်နှုန်းကို ထိခိုက်စေနိုင်ပါတယ်။ မြေဆီလွှာတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာမှာ သဘာဝမြေဩဇာတွေဖြစ်တဲ့ နွားချေး၊ ကြက်ချေး၊ တီကျစ်စာ စတဲ့ တိရစ္ဆာန်စွန့်ပစ်ပစ္စည်း အပါအဝင် သစ်ရွက်ဆွေး၊ ကောက်ရိုးဆွေး၊ ပဲမှော် စတဲ့ အပင်တွေရဲ့ ဘေးထွက်ပစ္စည်းတွေကို Compost ပြုလုပ်ပြီး ထည့်သွင်းအသုံးပြုပေးကြရမှာ ဖြစ်ပါတယ်။ ဇီဝမြေဩဇာဟာအပင်တွေ ရှင်သန်ကြီးထွားဖို့အတွက် အကျိုးပြုသက်ရှိတွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့အတွက် မြေဆီလွှာအတွင်း စိမ့်ဝင်ပြီး အချိန်ယူပြုပြင်၍ မြေဆီဩဇာဓာတ်ကို အားဖြည့်ပေးနိုင်မှာဖြစ်ကာ သီးနှံအထွက်နှုန်းကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။

ဆီထွက်သီးနှံတွေအတွက် ပန်းတိုင်အထွက်နှုန်းရရှိစေရေး လိုအပ်တဲ့ အစိုဓာတ်ရရှိစေရန် သီးနှံပင် ရေလိုအပ်တဲ့အချိန်တွင် ရေသွင်းပေးခြင်း ဆောင်ရွက်ရန် ရေအရင်းအမြစ် (Water Resources) တွေ ရှိရန် လိုအပ်ပါတယ်။ ဆီထွက်သီးနှံတွေစိုက်ပျိုးရာမှာ ရေရရှိရေးအတွက် ရေရရှိနိုင်မည့်နည်းလမ်းတွေ (ဆည်မြောင်းရေ၊ မြစ်ရေတင်၊ မြေအောက်ရေတင်၊ တောင်ကျရေ၊ ချောင်းပိတ်/မြောင်းပိတ်) နဲ့ ရေပေးသွင်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ရေစုမြောင်းများ တူးဖော်ခြင်း၊ ရေစုကန်တွေ တည်ဆောက်ခြင်းတွေကိုလည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တောင်ပေါ်ဒေသများရှိ တောင်စောင်းတွေမှာ ရွှေ့ပြောင်းတောင်ယာစနစ်အစား ခေတ်မီ တောင်စောင်းစိုက်ပျိုးနည်းစနစ် (SALT Technology) နဲ့ မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေခြင်းနဲ့ ရေချွေတာ ထိန်းသိမ်းခြင်း (Water Saving) ကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

သင့်တော်တဲ့ စိုက်ပျိုးနည်းစနစ်ကို ကျင့်သုံး ဆောင်ရွက်ခြင်းဟာလည်း ဆီထွက်သီးနှံတွေ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အရေးပါသောကဏ္ဍတွင် ပါဝင်ပါတယ်။ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိစေရေး စိုက်ပျိုးရေးဆိုင်ရာပညာရှင်တွေက စိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေထံသို့ နည်းပညာတွေ မျှဝေပေးရန် ဆောင်ရွက်ခြင်းကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ အထူးဇုန်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စိုက်ပျိုးရေးပညာရှင်တွေက နည်းပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရေး Working Group တွေ ဖွဲ့စည်း၍ တောင်သူတွေလိုအပ်တဲ့ နည်းပညာအကူအညီတွေကို တောင်သူ့လက်ဝယ်အရောက် လက်တွေ့အသုံးချနိုင်ရေး ပညာပေးဆွေးနွေးခြင်းတွေ၊ အကျိုးဆောင်တောင်သူတွေကို နည်းပညာပေး သင်တန်းတွေ ပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမယ့်နည်းစနစ်တွေမှာ ဓာတ်မြေဩဇာတွေသုံးစွဲရာ၌ လေလွင့်ဆုံးရှုံးမှုနည်းစေရန် သဘာဝမြေဩဇာနဲ့ ရောစပ်အသုံးပြုခြင်းနည်းပညာ၊ သစ်စိမ်းမြေဩဇာ ထည့်သွင်းအသုံးပြုခြင်းနည်းပညာ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းနည်းပညာ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းနည်းပညာ၊ ရေချွေတာသုံးစွဲခြင်းနည်းပညာ (Water Saving Technology) ၊ ရေအစက်ချစိုက်ပျိုးနည်းစနစ် ( Drip Irrigation) နဲ့ ရေဖျန်းစနစ် စိုက်ပျိုးခြင်း (Sprinkler Irrigation) နည်းပညာတွေကို လက်တွေ့ပြသဆောင်ရွက်ခြင်းဖြင့် တောင်သူတွေကိုယ်တိုင် လက်တွေ့လိုက်နာကျင့်သုံးလာနိုင်စေရေး ကူညီပံ့ပိုးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးနည်းပညာပေးရေးဝန်ထမ်းတွေဟာ တောင်သူလယ်သမားတွေကို နည်းပညာပေးဆောင်ရွက်ရာမှာ မှန်ကန်မှုရှိရေးအတွက် နည်းပညာပိုင်းဆိုင်ရာကို အစဉ်အမြဲ ဆည်းပူးလေ့လာနေရမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပညာရှင်တွေက ICT နည်းပညာနဲ့ တောင်သူနည်းပညာပေးခြင်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးထုတ်လုပ်သူကိုယ်တိုင် မိမိစိုက်ပျိုးထားတဲ့ ဆီထွက်သီးနှံရဲ့ ပန်းတိုင် အထွက်နှုန်းရရှိစေရေး အလေးပေးဆောင်ရွက်လိုတဲ့ စိတ်ဓာတ်ရှိရန် လိုအပ်လှပါတယ်။ စိုက်ပျိုးထုတ်လုပ်သူတွေ မိမိစိုက်ပျိုးမယ့် သီးနှံအတွက် သင့်တော်တဲ့ ရာသီဥတု၊ စိုက်ပျိုးချိန်၊ မြေအမျိုးအစား၊ သီးနှံပုံစံ၊ ရိတ်သိမ်းချိန်ကာလမှာ တစ်ကေသတ်မှတ် အပင်ဦးရေပြည့်မီရေး၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ လိုအပ်တဲ့ သွင်းအားစုထည့်သွင်းခြင်း၊ နည်းစနစ်မှန်ကန်စွာထည့်သွင်းခြင်း၊ သီးနှံ အလေအလွင့် နည်းစေရန်နဲ့ မှန်ကန်စွာ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန် နည်းပညာတွေ၊ စနစ်တကျ သန့်စင်ခြွေလှေ့ အခြောက်ခံခြင်းတွေကို သိရှိလိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**အောင်မြင်အောင်ဆောင်ရွက်**

စိုက်ပျိုးထွက်ရှိလာတဲ့ ဆီထွက်သီးနှံတွေကို ကုန်ကြမ်းထွက်ကုန်အဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်လာနိုင်ရေး၊ ဈေးကွက်ရရှိရေးအတွက် ကုန်သည်ကြီးတွေအသင်း၊ လုပ်ငန်းရှင်တွေ အသင်းအဖွဲ့တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဆီစက်လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်း၍ စားသုံးဆီထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွေကို အဆင့်မြှင့်တင်ခြင်း၊ ဆီစက်တွေ အဆင့်မြှင့်တင်ခြင်းနဲ့ ကြိတ်ခွဲထွက်ရှိလာတဲ့ ဆီကြိတ်ဖတ်တွေကို စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ တိရစ္ဆာန်အစာအတွက် ပြန်လည်အသုံးချခြင်းလုပ်ငန်းတွေကို ဆက်စပ်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေကို နယ်မြေအလိုက် အထူးဇုန်တွေသတ်မှတ်၍ ဇုန်တာဝန်ခံတွေ သီးခြားတာဝန်ပေးအပ်ခြင်း၊ ဦးစီးစနစ်နဲ့ စစ်ဆေးမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန် စစ်ဆေးကြီးကြပ်သူထားရှိပြီး အောင်မြင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အထက်အဆင့်ဆင့် အကြီးအကဲတွေရဲ့ လမ်းညွှန်မှု၊ စိုက်ပျိုးရေးဦးစီးဌာနရှိ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးတွေရဲ့ ကြီးကြပ်မှု၊ မိတ်ဖက်ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေ (Private Sector) နဲ့ စိုက်ပျိုးထုတ်လုပ်သူတွေ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် ဆီထွက်သီးနှံတွေ ပန်းတိုင်အထွက်နှုန်း ရရှိလာနိုင်မှာဖြစ်တဲ့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါတယ်။

**“စိုက်ပျိုးထုတ်လုပ်သူကိုယ်တိုင် မိမိစိုက်ပျိုးထားတဲ့ ဆီထွက်သီးနှံရဲ့ ပန်းတိုင်အထွက်နှုန်းရရှိစေရေး အလေးပေးဆောင်ရွက်လိုတဲ့ စိတ်ဓာတ်ရှိရန် လိုအပ်လှပါတယ်။ စိုက်ပျိုးထုတ်လုပ်သူတွေ မိမိစိုက်ပျိုးမယ့် သီးနှံအတွက် သင့်တော်တဲ့ ရာသီဥတု၊ စိုက်ပျိုးချိန်၊ မြေအမျိုးအစား၊ သီးနှံပုံစံ၊ ရိတ်သိမ်းချိန်ကာလမှာ တစ်ကေသတ်မှတ် အပင်ဦးရေပြည့်မီရေး၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ လိုအပ်တဲ့ သွင်းအားစုထည့်သွင်းခြင်း၊ နည်းစနစ် မှန်ကန်စွာထည့်သွင်းခြင်း၊ သီးနှံအလေအလွင့် နည်းစေရန်နဲ့ မှန်ကန်စွာရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန် နည်းပညာတွေ၊ စနစ်တကျ သန့်စင်ခြွေလှေ့ အခြောက်ခံခြင်းတွေကို သိရှိလိုက်နာ ဆောင်ရွက်ကြရမှာဖြစ်”**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၁၆ ကျောင်းတို့တွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေ ရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတို့ကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။

ထိုသို့ဖွင့်လှစ်ရာ၌ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီ



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းရှိ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လားရှိုးမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုး၊ မြိုင်ကြီးငူမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ မြိတ်မြို့အိမ်တွင်းမှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်၊ တာချီလိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် အခြေချစစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သူရဇော်လွင်စိုး၊ ကွန်ဟိန်းမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် အခြေချစစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကိုနိုင်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ သင်တန်းကျောင်း ၁၆ ကျောင်းတွင် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၅၀၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး၊ အခြေခံလက်ရက်ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူ ၄၀ သင်တန်းသူစုစုပေါင်း ၅၀၀ တက်ရောက်၍ မေ ၆ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၉၆၃၇၆ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# မော်ဘီမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်

**ရန်ကုန် မေ ၆**

လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၄-၂၀၂၅) ကို မေ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာတွင် အခမဲ့ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို မေ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် မော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက ဦးစီးဌာန၏လုပ်ငန်းတာဝန်များနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို တက်ရောက်လာကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားသင်တန်းသူများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ လက်သန့်ဆေးရည်အမျိုးမျိုး၊ ဓာတုပစ္စည်းများနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ Packaging နှင့် ပတ်သက်သည့် သိကောင်းစရာများ၊ GMP၊ GHP အကြောင်းအရာများ၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်အမှတ်တံဆိပ်တွင် ဖော်ပြရမည့်အချက်အလက်များအကြောင်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုဇင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ နှစ်ထပ်ကွမ်းလူရည်ချွန်ကျောင်းသူအား ဂုဏ်ပြုချီးမြှင့်

**ကျောင်းကုန်း မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထက(၂) Grade -10 မှ နှစ်ထပ်ကွမ်းလူရည်ချွန်ကျောင်းသူ မကောင်းဆုဟံသာအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မြင့်က အမှာစကားပြောကြားသည်။ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဒေါ်စန်းစန်းက ပညာရေးငွေပဒေသာပင်ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မြင့်တို့က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခဲ့ပြီး အဖွဲ့ဝင်(၂)ဦးတင်မောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်တို့ကလည်းကောင်း၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှလည်းကောင်း၊ ကံ့ကော်မြိုင်၊ ဘဝရှေ့ဆောင်နှင့် မြတ်ပညာတံခွန်ကိုယ်ပိုင်ကျောင်းများမှလည်းကောင်း၊ (ရာသက်ပန်)ပညာရေးငွေပဒေသာပင်မှလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မြိတ်မြို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ



**မြိတ် မေ ၆**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်က (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိကြသော ပြိုင်ပွဲဝင်များအား ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစန်းဦးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဗီဒီယိုပြသပြီး ခန်းမအတွင်း ပြသထားသည့် မီးငြိမ်းသတ်ပစ္စည်းကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

**❖ အိမ်၊ ခြံ၊ မြေမှ**

သုံးရတဲ့အခါ ဥပမာဆိုပါစို့ ကျွန်တော်တို့ အကျိုးတော်ဆောင်တစ်ယောက်ဆိုရင် သူ့ရဲ့ Property တွေကို ရောင်းမယ်၊ ဝယ်မယ်၊ ငှားမယ်ဆိုပြီး ဒီ Application မှာသုံးရင် တစ်လကိုဘယ်လောက်လဲ။ တချို့တွေ ပက်ကေ့လိုက် ရောင်းတာတွေရှိတယ်။ ကျွန်တော်တို့ ကျတော့ အဲဒီလိုမရောင်းဘူး။ ဘယ်သူမဆို အခမဲ့ပဲ Playstore မှာ အလွယ်တကူ ဒေါင်းလုပ်ဆွဲလိုက်ပြီး အကောင့်ကိုသူသတ်မှတ်တဲ့ အချက်အလက်တွေ ဖြည့်ပြီး စိတ်ကြိုက်သုံးလို့ရတယ်။ အိမ်တစ်အိမ် ရောင်းမယ်၊ အခန်းတစ်ခန်းရောင်းမယ်ဆိုရင် ဖုန်းနံပါတ်ကိုထည့်လို့ရတယ်။ ဝယ်တဲ့သူစိတ်ဝင်စားလို့ရှိရင် ရောင်းတဲ့သူကို တိုက်ရိုက်ဆက်သွယ်မှာ။ ဒါကရောင်းသူ၊ ဝယ်သူတိုက်ရိုက်ထိတွေ့ရတယ်”ဟု Myanmar Property Dealer မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ကိုဆလိုင်းကျော်မျိုးထွန်းက ပြောသည်။

အဆိုပါ အက်ပလီကေးရှင်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် တရုတ်ဘာသာစကားများ ထည့်သွင်းထားသောကြောင့် အိမ်၊ ခြံ၊ မြေ ရှာဖွေနေသည့် နိုင်ငံခြားသားများအတွက်လည်း လွယ်ကူစွာ တိုက်ရိုက်ရှာဖွေနိုင်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါအက်ပလီကေးရှင်း၌ မိမိရောင်းချလိုသည့် Properties’ Information နှင့် Activity၊ History Records များကို တစ်နေရာတည်းတွင် လုံခြုံစွာ သိမ်းထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီအက်ပလီကေးရှင်းမှာNormal User ဆိုတာရှိတယ်။ ကျွန်တော့်အိမ်ကို ကျွန်တော် တင်ရောင်းမယ်ဆိုတာက Normal User ပေါ့။ တချို့က Agent User ဆိုတာရှိတယ်။ အေးဂျင့်ဆိုတာက ပရော့ဂျက်တစ်ခုလိုသူက အသုံးပြုလို့ရတယ်။ အက်ဒမင်အနေနဲ့ အကောင့်ဖွင့်ပြီးရင် သူ့အောက်မှာ စူပါဗိုက်ဆာသုံးယောက်ကိုထပ်ဖွင့်လို့ရတယ်။ စူပါဗိုက်ဆာတစ်ယောက်ချင်းစီအောက်မှာလည်း ပရိုမိုတာတွေ ထပ်ခွဲလို့ရသေးတယ်။ အဲဒီတော့ အပေါ်ကနေ တစ်ယောက်က ကွန်ထရိုးလုပ်ပြီး ဘယ်ပရိုမိုတာတွေကတော့ ဘာပို့စ်တွေတင်ထားလဲ၊ ဘယ်သူနဲ့ဗျူး လုပ်နေတယ်ဆိုတာကို ကျော်တာ ခွတာပေါ့။ အေးဂျင့်လောကမှာတော့ ကျော်တာ ခွတာတွေကို ကွန်ထရိုးလုပ်ပြီး ထိန်းလို့ရတယ်။ အိမ်၊ ခြံ၊ မြေနဲ့ ပတ်သက်တဲ့သတင်းတွေ update တွေ ဝင်ကြည့်လို့ရတယ်။ အင်တာဗျူးတွေရှိတယ်။ အိမ်၊ ခြံ၊ မြေနဲ့ ပတ်သက်တဲ့သတင်းတွေရမယ်” ဟု ကိုဆလိုင်းကျော်မျိုးထွန်းက ရှင်းပြသည်။

အဆိုပါအက်ပလီကေးရှင်းကို အသုံးပြုချင်သူများအနေဖြင့် သက်ဆိုင်ရာ အွန်လိုင်းစတိုးများတွင် အလွယ်တကူ ဒေါင်းလုပ်ပြုလုပ်နိုင်ပြီး IOS၊ Android မည်သည့်ဖုန်းအမျိုးအစားမဆို အခမဲ့ အသုံးပြုနိုင်ကြောင်း သိရသည်။ **Thit Taw**

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲရောင်းချနိုင်ခဲ့

**နေပြည်တော် မေ ၆**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲ(၁)မှ (၁၆၀) အထိ ကျောက်မျက်အတွဲများ အတွက် တင်သွင်းထားသော ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၈၈ တွဲရောင်းချရကြောင်း ကြေညာသည်။ မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ် (၁)မှ (၉၅၀) အထိတင်သွင်းထားသော ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက် စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲ ပဉ္စမနေ့တွင် ကြေညာသွားမည် ဖြစ်သည်။ ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကို လည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ ကျန်ရှိနေသည့် ကျောက်စိမ်းတွဲများကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ မေ ၁၂ ရက်အထိ ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## သံဖြူဇရပ် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သံဖြူဇရပ် မေ ၆**

မွန်ပြည်နယ် သံဖြူဇရပ် နှစ် (၁၅၀)ပြည့်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန(ဘုရင့်နောင်) ခန်းမ၌ ကျင်းပသည်။

**ချပြရှင်းလင်း**

အဆိုပါ အစည်းအဝေးတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က သံဖြူဇရပ်နှစ် (၁၅၀)ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီများနှင့် ဆပ်ကော်မတီများဖွဲ့စည်းထားရှိပြီးဖြစ်ရာ ကော်မတီအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ချပြရှင်းလင်းခဲ့သည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူးသက်ထွန်းဦးနှင့် ဦးအောင်သန်းတို့က သံဖြူဇရပ်နှစ် (၁၅၀) ပြည့်အထိမ်းအမှတ် သံဃာတော်အပါး ၁၅၀ အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မြို့လယ် ရာပြည့်ဇရပ်တွင် ကမ္ပည်းကျောက်စာစိုက်ထူခြင်း၊ မဂ္ဂဇင်းထုတ်ဝေခြင်း၊ မြို့နယ်အတွင်းရှိအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျောင်းအလိုက် ဘင်ခရာပြိုင်ပွဲများနှင့် အားကစား ပြိုင်ပွဲများပြုလုပ်မည့်အပြင် ဖျော်ဖြေရေးနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲ၊ အိမ်ထောင်ရှင်အလှမယ် ပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ရာ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူတို့က ဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

သံဖြူဇရပ်မြို့အား ကျေးရွာအဖြစ်မှ ၁၈၇၄ ခုနှစ်တွင် မြို့ စတင်တည်ထောင်ခဲ့ရာ ၂၀၂၄ ခုနှစ်တွင် နှစ်(၁၅၀)ပြည့်မြောက်ခဲ့သဖြင့် သံဖြူဇရပ် နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်ပွဲအား ယခုနှစ်ဒီဇင်ဘာလတွင် ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

**နေပြည်တော် မေ ၆**

ပဲခူးတိုင်းဒေသကြီး နယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာ အီလက်ထရောနစ် မဲပေးစက် ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေတောင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၁ ခုမှ ပြည်သူ ၃၃၁ ဦး၊ ပန်းတောင်းမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၉ ခုမှ ပြည်သူ ၃၀၆ ဦး စုစုပေါင်း ၆၃၇ ဦး တက်ရောက်ပြီး လက်တွေ့ စမ်းသပ် မဲပေးလေ့လာကြသည်။



ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသ ဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့် အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများ အတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကို ပေးခဲ့ကြောင်းနှင့် မြန်မာ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး နယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



**သထုံ မေ ၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက သထုံမြို့ ဘင်လှိုင်ရပ်ကွက်၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံခရိုင်ဦးစီးမှူး ဦးမောင်မောင်မြင့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် သထုံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသူ ၂၈ ဦး၊ အသက် ၁၈ နှစ်ပြည့်သူ ၁၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်သူ ၂၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးမိတ္တူပြုလုပ်သူ ၂၃ ဦး စုစုပေါင်း ၉၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခဲ့ကြပြီး အိမ်ထောင်စု ၂၀ တို့အား အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခဲ့ကာ Biometric ကောက်ယူခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကဝမြို့နယ်နှင့် သနပ္ပင်မြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ




**နေပြည်တော် မေ ၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နှင့် သနပ္ပင်မြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုနှင့်တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၆**

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ (၂) ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သားဘာသာရပ်နှင့် ရေတပ်အချက်ပြဆက်သွယ်ရေးဘာသာရပ်ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သားဘာသာရပ်ကိုလည်းကောင်း၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် ရေကြောင်းလမ်းညွှန်ဘာသာရပ်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းတွင် ရေကူးဘာသာရပ်ကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် လှေလှော်ရွက်တိုက်ဘာသာရပ်ကို လည်းကောင်း တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့်တန်းမြင့်လေကြောင်းလူငယ်များကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simu-lator မောင်းနှင်ခြင်းဘာသာရပ်များအပြင် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန် ပျံသန်းရေးအုပ်များနှင့် ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၆**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်း ဌာနချုပ်ရှိ တပ်မတော်(လေ) စက်ပစ်ကွင်း၌ကျင်းပရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် စွမ်းလှိုင်မင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဌာနချုပ်မှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနချုပ်မှူးက မိုးပျံပူဖောင်းအား သေနတ်ဖြင့်ပစ်ဖောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲပထမနေ့ပွဲစဉ်များဖြစ်သည့် ပစ္စတို (အမြန်နှင့်လျှပ်တစ်ပြက်) ပစ်ခတ်စဉ်(အမျိုးသား/အမျိုးသမီး) ပွဲစဉ်၊ ကာဘိုင်ပစ်ခတ်စဉ်(အမျိုးသား/အမျိုးသမီး)ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲတွင် ပစ္စတိုပစ်ခတ်စဉ် (အမျိုးသား/အမျိုးသမီး)၊ ကာဘိုင်ပစ်ခတ်စဉ် (အမျိုးသား/အမျိုးသမီး)၊ ရိုင်ဖယ်ပစ်ခတ်စဉ်(အမျိုးသား)နှင့် စက်သေနတ်ပစ်ခတ်စဉ် (အမျိုးသား) စသည့်ပစ်ခတ်စဉ်များကို မေ ၁၀ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ဆိုင်ကယ်ပြင် သင်တန်းဖွင့်လှစ်

**ရေတာရှည် မေ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၁၁ နာရီက ခင်တန်းကြီးကျေးရွာအုပ်စု နတ်ရေတွင်းကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် တာဝန်ရှိသူများက ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။

အဆိုပါ ဆိုင်ကယ်ပြင်သင်တန်းကို မေ ၆ ရက်မှ ၁၅ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရေအရင်းအမြစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ဖို့ ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ကြပါစို့

**(ယမန်နေ့မှအဆက်)**

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနိုင်ငံမှသည် တိုးတက်ဖွံ့ဖြိုးသော စက်မှုနိုင်ငံတော်သို့ ဦးတည်ဆောင်ရွက်လျက်ရှိရာ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေလှောင်ကန်များရှိ ရေများကို ထာဝစဉ် သန့်ရှင်းနေရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးအတွက် အသုံးပြုနေသည့် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများသည် မြစ်ချောင်းများအတွင်းသို့ တဖြည်းဖြည်း စိမ့်ဝင်လျက်ရှိသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်သော ညစ်ညမ်းသောရေများသည် ရေညစ်ညမ်းမှုပမာဏကို တိုးတက်စေပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများသည် အထူးသဖြင့် ဧရာဝတီမြစ်နှင့် မြစ်လက်တက်များရှိရာ အထက်ပိုင်းတွင် တည်ရှိပါက အလွန်အရေးကြီးပြီး မြစ်အောက်ပိုင်းတွင် နေထိုင်သူများအပေါ် သက်ရောက်နိုင်မှုများ ရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပေသည်။ ထိုသို့ သက်ရောက်စေမှုများတွင် ရေရရှိနိုင်မှုနှင့် ရေအရည်အသွေးတို့အပေါ်သာ သက်ရောက်သည် မဟုတ်ဘဲ ရေထုထည် စီးဆင်းမှုနှုန်းများ၊ သဲနုန်းပို့ချမှုဖြစ်စဉ်များအပေါ်တွင်ပါ သက်ရောက်စေပါသည်။

ယခုအခါ မြို့နှင့် ကျေးလက်တောရွာ ရေပေးရေးစီမံချက်များဆောင်ရွက်ရာတွင် မိုးရေ၊ မြေပေါ်ရေများသာမက မြေအောက်ရေများကို ထုတ်ယူအသုံးပြုလျက်ရှိသည့်အပြင် စိုက်ပျိုးရေးအတွက် ရေရရှိရေးများ ဆောင်ရွက်ရာတွင် ဆည်ရေ၊ ကန်ရေ၊ မြစ်ရေများ ထုတ်ယူသုံးစွဲခြင်း သာမက မြေအောက်ရေများကို ထုတ်ယူသုံးစွဲလျက်ရှိကြသည်။ မြေအောက်ရေများကို မမြင်ရသည့်အလျောက် ထုတ်ယူသုံးစွဲရာတွင် စနစ်တကျ တွက်ချက်ခန့်မှန်းပြီးမှ ထုတ်ယူသုံးစွဲသင့်ပါသည်။ မြေအောက်ရေပမာဏကို ထုတ်ယူသုံးစွဲသင့်သည်ထက် လွန်ကဲစွာ ပိုမိုထုတ်ယူသုံးစွဲမိပါက သဘာဝပတ်ဝန်းကျင်နှင့် နောင်အနာဂတ်လူသားများအတွက် မကောင်းသည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပမာပြောရပါလျှင် မြေအောက်ရေကို လွန်ကဲစွာ ထုတ်ယူသုံးစွဲသည့်အတွက် အညာဒေသတို့တွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်နိုင်ခြင်း ဖြစ်စေနိုင်သလို ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင်လည်း ဆားငန်ရေများ စိမ့်ဝင်လာနိုင်ပါသည်။ ထို့အပြင် မြေများ နိမ့်ကျပြိုဆင်းခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အလေးဂရုပြုရမည့် အကြောင်းတစ်ချက်မှာလည်း မြေအောက်ရေများရှိရာ ကျောက်လွှာများအတွင်းသို့ ညစ်ညမ်းစေတတ်သော အညစ်အကြေးများ၊ အန္တရာယ်ဖြစ်စေတတ်သော အညစ်အကြေးများ၊ အန္တရာယ်ဖြစ်စေတတ်သော သတ္တုအရာဝတ္ထုများ စိမ့်ဖောက်မဝင်နိုင်ရန် ကြိုတင်တားဆီးဆောင်ရွက်ရန် လိုအပ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် နောင်အနာဂတ် လူသားများ ကောင်းကျိုးအတွက် ရေအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် စနစ်တကျဖြစ်နိုင်ရန် စည်းကမ်းဥပဒေပြဋ္ဌာန်းချက်များကို ပြည်သူများက လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

> ❝ **ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ပြောင်းလဲမှုကို ပိုမိုမြင့်မားလာစေသည့်အတွက် အနာဂတ်ကာလတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိအောင် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပေသည်။ အဆိုပါ မဟာဗျူဟာများတွင် ရေလိုအပ်မှုအပေါ်မူတည်၍ စီမံခန့်ခွဲခြင်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးနည်းပညာများ၊ စိုက်ပျိုးပင်နှင့် စိုက်ပျိုးနည်းစနစ်များ ပုံစံပြောင်းလဲခြင်း၊ ရေအရင်းအမြစ်နှင့်ဆိုင်သော အဆောက်အအုံများတည်ဆောက်ရန် စီမံကိန်းရေးဆွဲခြင်းစသည်တို့ကိုလည်း ဆောင်ရွက်ရန်အတွက် လိုအပ်မည်ဖြစ်** ❞

## ရေဆိုင်ရာစီမံခန့်ခွဲမှု

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်နှင့် ရေဆိုင်ရာ အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေး ဗဟိုကော်မတီ၊ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီ၊ ရေအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့တို့ကို စနစ်တကျဖွဲ့စည်းထားရှိပြီး မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ ဥပဒေပိုင်းဆိုင်ရာ ရေးဆွဲဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်နှင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်ဆေးကြပ်မတ်မှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာဌာနများက ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများ၊ ရေနှင့်ဆိုင်သည့် သတင်းအချက်အလက်များ၊ ဗဟုသုတနှင့် အသိအမြင်များ၊ နည်းပညာဖလှယ်ခြင်းများ၊ တိုင်းသူပြည်သားများအား အသိပညာပေးခြင်းလုပ်ငန်းများ၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို တက်ညီလက်ညီ အတူပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပေသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ပြောင်းလဲမှုကို ပိုမိုမြင့်မားလာစေသည့်အတွက် အနာဂတ်ကာလတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိအောင် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပေသည်။ အဆိုပါ မဟာဗျူဟာများတွင် ရေလိုအပ်မှုအပေါ်မူတည်၍ စီမံခန့်ခွဲခြင်းများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးနည်းပညာများ၊ စိုက်ပျိုးပင်နှင့် စိုက်ပျိုးနည်းစနစ်များ ပုံစံပြောင်းလဲခြင်း၊ ရေအရင်းအမြစ်နှင့်ဆိုင်သော အဆောက်အအုံများတည်ဆောက်ရန် စီမံကိန်းရေးဆွဲခြင်းစသည်တို့ကိုလည်း ဆောင်ရွက်ရန်အတွက် လိုအပ်မည်ဖြစ်ပေသည်။

## ရေအရင်းအမြစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ကြ

ရေအရင်းအမြစ် ဖြစ်တည်မှုသည် ရာသီအချိန်အခါနှင့် နေရာဒေသတို့ကိုလိုက်၍ ပြောင်းလဲနိုင်ပြီး မြန်မာနိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုသည် တစ်နေရာနှင့် တစ်နေရာ မတူညီသောကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းများတွင် ရေရှားပါးလေ့ရှိကာ အခြားသော နေရာဒေသများတွင် မိုးတွင်းကာလ၌ ရေရရှိမှု လုံလောက်သော်လည်း နွေရာသီကာလတွင် ရေရှားပါးမှုကို အနည်းနှင့်အများ ကြုံတွေ့ရလေ့ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပေသည်။ မုတ်သုံကာလတွင် ရရှိသော ရေအရင်းအမြစ်များကို မိုးနည်းကာလများတွင် အသုံးပြုနိုင်ရန် ရေတို၊ ရေရှည်စီမံချက်များ၊ မဟာဗျူဟာများ ချမှတ်၍ ဘက်ပေါင်းစုံစီမံခြင်း၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ရေရှားပါးမှု

> ❝ **သက်ဆိုင်ရာဌာနများက ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများ၊ ရေနှင့်ဆိုင်သည့် သတင်းအချက်အလက်များ၊ ဗဟုသုတနှင့် အသိအမြင်များ၊ နည်းပညာဖလှယ်ခြင်းများ၊ တိုင်းသူပြည်သားများအား အသိပညာပေးခြင်းလုပ်ငန်းများ၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို တက်ညီလက်ညီ အတူပူးပေါင်း ဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်** ❞

ဘေးအန္တရာယ်မှ ကျော်လွှားနိုင်ကြမည် ဖြစ်ပေသည်။

ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း အစွန်းရောက်သော မိုးလေဝသဖြစ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန် အောက်ဖော်ပြပါ အစီအမံများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကလည်း မိမိတတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါသည်-

- ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်းကဲ့သို့သော ရေနှင့်ဆက်နွှယ်သည့် ဘေးအန္တရာယ်များ မကျရောက်အောင် ရေလှောင်ဆည်၊ ရေလွှဲဆည်၊ ရေကာတာအစရှိသော ရေဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်၍ ကာကွယ်တားဆီးခြင်းဖြင့်လည်းကောင်း၊ မြေမျက်နှာပြင် အနေအထား သေချာစွာ ကြိုတင်အကွက်ချစီစဉ်ခြင်းနည်းဖြင့်လည်းကောင်း ရေဘေးဒုက္ခကင်းဝေးစေရန် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်ခြင်း၊
- မိုးခေါင်ရေရှားခြင်း၏ ဆိုးကျိုးကို တွန်းလှန်နိုင်ရန် ဒေသ၏ ရေခံ၊ မြေခံ မြေဆီလွှာအမျိုးအစားနှင့် အခြားအချက်အလက်များကို အခြေခံ၍ စိုက်ပျိုးရေးဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးကို ဖော်ထုတ်ပြီး မြေယာ၊ မြေဆီလွှာ၊ စွမ်းအင်နှင့် ရေတို့ကို အကျိုးအရှိဆုံး အသုံးချနိုင်ရေး ဆောင်ရွက်ခြင်း၊
- ရာသီဥတုပြောင်းလဲခြင်းကြောင့် မိုးသည်းထန်မှု ပိုမိုများပြားလာနိုင်ပြီး ယင်း၏ အကျိုးဆက်အဖြစ် မြေဆီလွှာတိုက်စားခံရခြင်း ပိုမိုတိုးမြင့်လာစေနိုင်သောကြောင့် ရေလမ်းထိန်း၊ ရေလမ်းလွှဲလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း၊
- ရေလွှမ်းမိုးနိုင်မှု ကြိုတင်ခန့်မှန်းချက်၊ မိုးလေဝသဆိုင်ရာ ရက်ရှည်ကြိုတင်ခန့်မှန်းချက်များသည် ကြိုတင်ပြင်ဆင်မှုအတွက် လွန်စွာအရေးပါသဖြင့် ခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးချက်များကို အလေးထားလိုက်နာဆောင်ရွက်ခြင်း၊
- ဆည်ကျိုးခြင်း၊ တာပေါက်ခြင်းစသည့် ရုတ်တရက် မမျှော်လင့်ဘဲ ဖြစ်ပေါ်တတ်သော ရေလွှမ်းမိုးမှု အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန် အရေးပေါ်လုပ်ငန်းအစီအစဉ်များနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲထားရှိမှုများကို ပြည်သူများသိရှိပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊
- မိုးတွင်းကာလတွင် ရေများစုဆောင်းသည့်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် စီမံဆောင်ရွက်ခြင်းနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ခြင်း၊
- ရေအိုင်၊ ရေကန်၊ ရေလှောင်ကန် အကြီးအသေးများတည်ဆောက်ရေး စီမံဆောင်ရွက်ခြင်း၊
- စိုက်ပျိုးရေးနည်းပညာများ ပြုပြင်ပြောင်းလဲခြင်း၊
- ဒီရေတားတမံများ တည်ဆောက်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊
- ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုဖြစ်ပေါ်နိုင်သောဒေသရှိ ပြည်သူများ ရေလွှမ်းမိုးမှုနှင့် ပင်လယ်ရေကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေး စီမံဆောင်ရွက်ခြင်း၊
- ရေရရှိနိုင်မှုခန့်မှန်းရေးဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ပြီး လိုက်လျောညီထွေရှိစေရေး စီမံဆောင်ရွက်ခြင်း၊
- မြေအောက်ရေအသုံးပြုမှု စီမံခန့်ခွဲခြင်းနှင့် အသိပညာပေးခြင်း၊
- ရေငွေ့ပြန်မှုကြောင့် ရေဆုံးရှုံးမှုနည်းပါးအောင် စီမံဆောင်ရွက်ခြင်း၊
- ရေဆိုး ရေသန့်စင်စက်ရုံများကို ပိုမိုစီမံဆောင်ရွက်ခြင်း၊
- ဆည်မြောင်းရေပေးဝေမှုစနစ် အလေအလွင့်မရှိစေရေး အသိပညာပေး ဆောင်ရွက်ခြင်း၊
- ရေအရည်အသွေးများ ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ခြင်း။

အချုပ်အားဖြင့်ဆိုရပါလျှင် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာရည်မှန်းချက်များကို သက်ဆိုင်ရာကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးမှုအစီအမံများတွင် ပေါင်းစပ်အကောင်အထည်ဖော်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေရှိစေရန် ရေအရင်းအမြစ်များကို စနစ်တကျဖော်ထုတ်အသုံးချခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို လိုက်နာလျက် ရေအခြေပြု စီးပွားရေးလုပ်ငန်းများကို တိုးတက်မြင့်မားလာစေရေးအတွက် ရေအရင်းအမြစ်နှင့် ရေဘက်စုံစီမံခန့်ခွဲမှုစနစ်များကို အကောင်အထည်ဖော်ခြင်းတို့ဖြင့် တာဝန်ကိုယ်စီ လက်တွဲညီညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မိုး/၈လ**

## ပဲခူးမြို့၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အခမ်းအနား ကျင်းပ

ပဲခူး မေ ၆

ပဲခူးမြို့ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့တော်ခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အခမ်းအနားသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းစဉ် စတင်ခဲ့သည့် နှစ်(၅၀)မြောက် နှစ်ပတ်လည်နေ့ဖြစ်ကာ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဖြင့် နှစ်စဉ် အသက်ပေါင်းများစွာကို ကယ်တင်ပေးလျက်ရှိပြီး တစ်ကမ္ဘာလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်လာမှုများ၏ အောင်မြင်မှုပြယုဂ်တစ်ခုဖြစ်ကြောင်း၊ "ကလေးငယ်များအနာဂတ် လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့" ဆောင်ပုဒ်အတိုင်း ကလေးငယ်များ၏ အနာဂတ်လှပစေရေးအတွက် အသက်အရွယ်အလိုက် ထိုးနှံတိုက်ကျွေးရမည့်ကာကွယ်ဆေးများ တစ်ယောက်မကျန် ထိုးနှံတိုက်ကျွေးရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြု သင်တန်းသား သင်တန်းသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက်တစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုနှင့် အသက်ငါးနှစ်အောက် ကလေးများ အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ဘားအံမြို့၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အခမ်းအနား ကျင်းပ

ဘားအံ မေ ၆

"ကလေးများအနာဂတ်လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့" ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် ပြည်နယ်အဆင့်ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဘားအံပြည်သူ့ဆေးရုံကြီး တိုးချဲ့သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အကြိမ်ပြည့်ထိုးနှံတိုက်ကျွေး**

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်သူတစ်ရပ်လုံးအား လိုအပ်သော ကာကွယ်ဆေးများကို သတ်မှတ်ချက်အတိုင်းအသက်အရွယ်အလိုက် အကြိမ်ပြည့်ထိုးနှံတိုက်ကျွေးထားခြင်းအားဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်ကြောင်း၊ ကလေးများ၏ အနာဂတ်လှပစေရေးအတွက်အသက်အရွယ်အလိုက် ထိုးနှံတိုက်ကျွေးရမည့်ကာကွယ်ဆေးများတစ်ယောက်မကျန်ထိုးနှံတိုက်ကျွေးရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အားလုံးဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခဲ့ပြီး အာဟာရဖြည့်စွက်အစားအစာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

## တောင်ငူ၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အခမ်းအနား ကျင်းပ

တောင်ငူ မေ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် ၂၀၂၄ ခုနှစ် အထိမ်းအမှတ် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ် (၁၅) ရပ်ကွက် မြို့နယ်မိခင်ကလေးကျန်းမာရေးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခိုင်က ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်/ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအား ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ ပိုလီယိုသောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် ဝမ်းရောဂါ ကာကွယ်ဆေးကို ထိုးနှံ၊ တိုက်ကျွေးပေးပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**



## ညောင်လေးပင်မြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် ကျင်းပ

ညောင်လေးပင် မေ ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် ၂၀၂၄ ခုနှစ် အထိမ်းအမှတ် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ညောင်လေးပင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာက ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကြောင့် သေဆုံးမှုကိုလျှော့ချပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဖြင့် ကလေးများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသက်နှစ်နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား လိုအပ်သည့်ကာကွယ်ဆေးများ ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

## ကဝမြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ

ကဝ မေ ၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် ၂၀၂၄ ခုနှစ် အထိမ်းအမှတ်အဖြစ် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ် ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကဝမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊



အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

# စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် စားသုံးသူပြည်သူများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းသော အစားအသောက်များ စားသုံးနိုင်စေရန်အတွက် စားသောက်ကုန်များကို ဈေးကွက်မတင်မီစိစစ်ခြင်း၊ ဈေးကွက်တင်ပြီးနောက် ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်း စသည့် အစားအသောက်ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်မှုများအား အစဉ်တစိုက်ကြိုတင်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူပြည်သူအများအဖို့ စားသောက်ကုန်များကို ယုံကြည်စိတ်ချစွာ ရွေးချယ်ဝယ်ယူစားသုံးနိုင်ရန်အတွက် **"အသင့်ထုပ်ပိုးထားသော အစားအသောက်များအမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်"** အား မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၂၀-၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည့်အပြင် စားသောက်ကုန်များ၏ အမှတ်တံဆိပ်များပေါ်တွင် **စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code)** များ ဖော်ပြနိုင်ရေးအတွက် **စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** ကို လျှောက်ထားနိုင်ရန် ဖြစ်ပါသည်။

ဈေးကွက်အတွင်းရှိ အသင့်ထုပ်ပိုးထားသော အစားအသောက်များအားလုံးကို **စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** လျှောက်ထားစေခြင်းအားဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်မည့် **စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code)** တစ်ခု သတ်သတ်မှတ်မှတ်ရရှိသွားမည်ဖြစ်၍ အဆိုပါသတ်မှတ်နံပါတ်ကို စားသောက်ကုန်အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြခြင်းဖြင့် စားသုံးသူများသည် စားသောက်ကုန်အမှတ်တံဆိပ်ပေါ်တွင် ယင်းသတ်မှတ်နံပါတ်ကို လွယ်ကူစွာတွေ့ရှိနိုင်မည်ဖြစ်သောကြောင့် အစားအသောက်အခြေအနေကို စိစစ်သိရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များအား ရွေးချယ်ဝယ်ယူစားသုံးနိုင်မည်ဖြစ်ပါသည်။

စားသောက်ကုန်လုပ်ငန်းများအနေဖြင့်လည်း အမှတ်တံဆိပ်ပေါ်တွင် **စားသောက်ကုန်သတ်မှတ်နံပါတ် (Food Product Code)** ပါရှိသည့်အတွက် မိမိထုတ်ကုန်အား စားသုံးသူမှသိရှိလွယ်ပြီးမှန်ကန်စွာ ရွေးချယ်ဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ဂုဏ်သတင်းမြှင့်တင်နိုင်ခြင်း (Business Opportunity) နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်သောအခါ ပိုမိုအဆင်ပြေချောမွေ့လွယ်ကူစေခြင်း၊ အဆင့်ဆင့်သော အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများအနေဖြင့် အသင့်ထုပ်ပိုးရောင်းချနေသော အစားအသောက်များ၏ ဘေးအန္တရာယ်ဖြစ်မှုကို နောက်ကြောင်းပြန်ခြေရာခံ(Traceability) နိုင်ခြင်း၊ ထုတ်လုပ်/ဖြန့်ဖြူးရောင်းချနေသော အစားအသောက်များ၏ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ(Risk) ရှိလျှင်လည်း လျင်မြန်စွာအရေးယူဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

**စားသောက်ကုန်မှတ်တမ်းတင်ခြင်းစနစ် (Food Product Notification System)** ကို ပညာပေးကာလတွင် ဆန္ဒအလျောက် လျှောက်ထားဆောင်ရွက်ပေးမည်ဖြစ်သော်လည်း ပညာပေးကာလပြီးဆုံးပြီးနောက် ပြုပြင်တည့်မတ်ကာလသတ်မှတ်ပြီး **"အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်"** ဖြင့် ချိတ်ဆက်၍ ဥပဒေနှင့်အညီ အရေးယူမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** လျှောက်ထားရာတွင်-

(၁) အစားအသောက်အမျိုးအစား၊
(၂) အမှတ်တံဆိပ်၊
(၃) အသားတင်အလေးချိန်/ ပမာဏ၊
(၄) ထုပ်ပိုးအရွယ်အစားနှင့် ထုပ်ပိုးပစ္စည်းအမျိုးအစား၊
(၅) ထုတ်လုပ်သည့် လုပ်ငန်းအမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်၊
(၆) ထုတ်လုပ်သည့်နိုင်ငံ၊
(၇) အခြားသက်ဆိုင်ရာအဖွဲ့အစည်းမှ ထုတ်ပေးသည့် ထောက်ခံချက်တို့အား ဖြည့်သွင်းပြီး ထုတ်ကုန်၏အမှတ်တံဆိပ်ဓာတ်ပုံ (PDF File) ဖြင့် ပူးတွဲ၍ Online E-submission မှတစ်ဆင့် လျှောက်ထားနိုင်သည်။

**စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** ကို အောက်ပါ အစားအသောက်လုပ်ငန်းများအနေဖြင့် လျှောက်ထားရယူနိုင်ပါသည်-

(၁) အမှတ်တံဆိပ်ကပ်ထားသော အသင့်ထုပ်ပိုးထားသည့် စားသောက်ကုန်များအားလုံး၊
(၂) ပြည်တွင်းအစားအသောက် ထုတ်လုပ်ခြင်းထောက်ခံချက် ရရှိပြီးနောက် တိုးချဲ့လျှောက်ထားမည့် စားသောက်ကုန်များ (ယင်းစားသောက်ကုန်များအနေဖြင့် Manual စနစ်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် တိုးချဲ့ထုတ်လုပ်ခြင်း လျှောက်ထားပြီးပါက Food Product Code ကို လျှောက်ထားရယူရမည်ဖြစ်ပြီး ရရှိလာသည့် Product Code ကို ပြန်လည်တင်ပြရမည်ဖြစ်ပါသည်။)

**သီးခြားလျှောက်ထားရန်မလိုသော စားသောက်ကုန်များမှာ-**

(၁) E-submission မှတစ်ဆင့် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် လျှောက်ထားမည့် စားသောက်ကုန်များ၊ သွင်းကုန်ထောက်ခံချက်လျှောက်ထားမည့် စားသောက်ကုန်များ၊
(၂) ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် ရရှိပြီးသော စားသောက်ကုန်များနှင့် သွင်းကုန်ထောက်ခံချက်ရရှိပြီးသော စားသောက်ကုန်များ။

**စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** လုပ်ငန်းစဉ်တွင် အစားအသောက်အမျိုးအစားအလိုက် မှတ်တမ်းတင်၍ Product Code ကို ထုတ်ပေးမည်ဖြစ်ပြီး အစားအသောက်၏ အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြခွင့်ပြုမည်ဖြစ်သည်။ သွင်းကုန်ထောက်ခံချက်ရရှိထားပါက သွင်းကုန်ထောက်ခံချက်အမှတ်စဉ် (IR Product Code) နှင့် ပြည်တွင်းအစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိပြီးပါက (Product Serial No.) တို့အား အသင့်ထုပ်ပိုးထားသော အစားအသောက်များ၏ အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြရမည်။ အဆိုပါ Product Code ကို လက်ကိုင်ဖုန်းဖြင့် https://esubmission.fda.gov.mm/search-product တွင် Product Code စိစစ်၍ရသောနေရာ၌ အမှတ်စဉ်ရိုက်ထည့်ပါက လုပ်ငန်း၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်များ၊ အစားအသောက်၏ အမှတ်တံဆိပ်၊ အမျိုးအစား၊ အလေးချိန်တို့အပြင် သွင်းကုန်ထောက်ခံချက် (IR) (သို့မဟုတ်) Product Registration (PR) ရယူထားခြင်း ရှိ/မရှိကိုပါ သိရှိနိုင်မည်ဖြစ်ပါသည်။

စားသောက်ကုန်လုပ်ငန်းများသည် **စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification)** ကို (၉-၅-၂၀၂၄) ရက်နေ့မှစ၍ FDA Website - www.fda.gov.mm ၏ e-Submission System, Food product notification မှတစ်ဆင့် e-Payment (Electronic Payment) - ကျပ် ၁၀၀၀၀ ဖြင့် ဝင်ရောက်၍ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



**တောင်ကြီး မေ ၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မေ ၆ ရက် မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် ပင်လောင်းမြို့နယ်အသင်းနှင့် နောင်ချိုမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပင်လောင်းမြို့နယ်အသင်းက အနိုင်ရရှိပြီး အမျိုးသားပြိုင်ပွဲတွင် တောင်ကြီးမြို့နယ်အသင်းနှင့် ကျောက်မဲမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသား အမျိုးသမီး အကောင်းဆုံး ရိုက်ခုတ်ဆု၊ ပင့်ထောင်ဆု၊ အကောင်းဆုံးနောက်ထိန်းဆုရရှိသူများ၊ အမျိုးသမီးပူးတွဲ တတိယဆုရရှိသော တောင်ကြီးမြို့နယ် အသင်းနှင့် ကလောမြို့နယ်အသင်း၊ အမျိုးသမီးဒုတိယဆုရရှိသော နောင်ချိုမြို့နယ်အသင်း၊ ပထမဆုရရှိသော ပင်လောင်းမြို့နယ်အသင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော လားရှိုးမြို့နယ်အသင်းနှင့် လင်းခေးမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော ကျောက်မဲအသင်းတို့အား ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့ကဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ကြီးမြို့နယ်အသင်းအား ဆုတံဆိပ်နှင့် ငွေသားဆု၊ အမျိုးသမီးပထမဆုရရှိသော ပင်လောင်းမြို့နယ်အသင်းအား ဖလားဆု၊ အမျိုးသားပထမဆုရရှိသော တောင်ကြီးမြို့နယ်အသင်းအား ပထမဆုဖလားများကို လည်းကောင်း ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ချီးမြှင့်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

**ပန်းတောင်း မေ ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်အိသဇင်ကျော်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ အလုပ်လုပ်ပုံတို့ကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့မဲပေးလေ့လာခဲ့ကြပြီး ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့် အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များပေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



# အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများကျရောက်မှုကြောင့် ကျောင်းများပိတ်ထားရ




နယူးဒေလီ မေ ၆

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများကျရောက်မှုကြောင့် ကောလိပ်နှင့် စာသင်ကျောင်းများကို မေ ၇ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် အင်န်ဘီရန်ဆင်းက ပြောကြားသည်။

**အိမ်ခေါင်မိုးများပျက်စီး**

ပြည်နယ်အတွင်း ကန်ချီပါနှင့် တီရာဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံများ၏ နေ့စဉ်လူနေမှုဘဝကို ထိခိုက်စေခဲ့ပြီး လူနေအိမ်များနှင့် ယာဉ်များထိခိုက်ခဲ့ရကာ မိုးသီးများကြွေကျမှုကြောင့် အိမ်ခေါင်မိုးများပျက်စီးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ထူးခြားသည့် မိုးလေဝသအခြေအနေဖြစ်လာခြင်းကြောင့် ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် ကောလိပ်များကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အင်န်ဘီရန်ဆင်းက လူမှုမီဒီယာအိပ်စ်တွင် မှတ်ချက်ပြုပြောကြားသည်။

**ကာကွယ်စောင့်ရှောက်**

ပြည်နယ်အစိုးရအနေဖြင့် သဘာဝဘေးကာကွယ်ရေးအတွက် အစီအမံများဆောင်ရွက်နေပြီး ဒေသခံများအနေဖြင့်လည်း ဘေးကင်းသည့်နေရာတွင် နေထိုင်ကာ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ရမည်ဟု ၎င်းက ပြောကြားသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတွင် အပူချိန်များမြင့်တက်နေကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# လက်ဘနွန်ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့က အစ္စရေးအားတိုက်ခိုက်



ဘေရွတ် မေ ၆

အစ္စရေး၏ လက်ဘနွန်နိုင်ငံတောင်ပိုင်းအားတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့က ယနေ့တွင် အစ္စရေးနိုင်ငံအတွင်းရှိ နယ်မြေများနှင့် စစ်စခန်းများကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်**

ယမန်နေ့က အစ္စရေး၏ တိုက်ခိုက်မှုအတွင်း အရပ်သား လေးဦးသေဆုံးခဲ့ခြင်းနှင့် နေအိမ်များပျက်စီးခဲ့ရခြင်းအတွက် ယခုကဲ့သို့ တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ယင်းစစ်သွေးကြွအဖွဲ့က ထပ်လောင်းပြောကြားသည်။

အစ္စရေးနိုင်ငံအတွင်းရှိ ကီရတ်ရှာမိုနာ၊ အဗီဗင်း၊ ရှာတူလာ၊ ကီပါရူဗာ၊ ကီပါးဂျီလာဒီနှင့် ဇော်ယာဒေသများအား လက်ဘနွန် ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့က တိုက်ခိုက်ခဲ့သည်။

**လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့**

လက်ဘနွန်-အစ္စရေးနယ်စပ်မှ ကီလိုမီတာ ၁၀၀ ခန့်အကွာတွင်ရှိသည့် Al-Safari မြို့၌ ယနေ့နံနက်အရုဏ်တက်ချိန်တွင် အစ္စရေးတပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်းနှင့် ယင်းစီးနင်းတိုက်ခိုက်မှုကြောင့် အိမ်တစ်လုံးနှင့် တစ်ရှူးစက္ကူထုတ်လုပ်သည့် စက်ရုံတစ်ရုံ ပျက်စီးခဲ့ပြီး ဒေသခံသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယမန်နှစ် အောက်တိုဘာ ၈ ရက်မှ စတင်၍ ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့သည် ဟားမတ်စ်အဖွဲ့နှင့် တစ်သားတည်းရှိကြောင်း ပြသသည့်အနေဖြင့် အစ္စရေးအား စတင်တိုက်ခိုက်ခဲ့ရာ အစ္စရေးကလည်း လက်ဘနွန်နိုင်ငံ အရှေ့တောင်ပိုင်းသို့ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။

ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# အစ္စရေးတပ်ဖွဲ့က ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့အား လေကြောင်းတိုက်ခိုက်မှုများဆောင်ရွက်

ဂျေရုဆလင် မေ ၆

အစ္စရေးတပ်ဖွဲ့သည် ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့အား ယနေ့တွင် လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း ပါလက်စတိုင်းဒေသခံများက ပြောကြားသည်။

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ ဂါဇာလေဆိပ်နှင့် အယ်လ်ဆာလန်ဒေသတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် မီးလောင်ကျွမ်းပျက်စီးမှုများ အများအပြားဖြစ်ခဲ့ကြောင်း သိရသည်။ ယင်းလေကြောင်းတိုက်ခိုက်မှုမစတင်မီတွင် ပါလက်စတိုင်းအရပ်သားများအား ရာဖာမြို့မှ ယာယီစွန့်ခွာရန်အစ္စရေးတပ်ဖွဲ့က သတိပေးပြောကြားခဲ့သည်။

အယ်လ်ဆာလန်၊ အယ်လ်ဂျာနီနာ၊ တက်ဗာဇာရာနှင့် အယ်လ်ဘီရော့ဒေသများရှိ ဒေသခံများသည် ယင်းဒေသများမှ ယာယီစွန့်ခွာကြရန်လိုအပ်ပြီး ယင်းဒေသများတွင် အစ္စရေးတပ်ဖွဲ့မှ အကြမ်းဖက်သမားများအား တိုက်ခိုက်မည်ဟု အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အေဗီချိုင်း အက်ဒက်ယီက ပြောကြားသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ယနေ့တွင် ဆိုရှယ်မီဒီယာများ၊ လက်ကမ်းစာစောင်များနှင့် အခြားနည်းလမ်းများကို အသုံးပြုကာ ပါလက်စတိုင်းဒေသခံများကို ထွက်ခွာရန် တိုက်တွန်းခဲ့သည်။




ဂါဇာဒေသတွင် စစ်ဆင်ရေးပြုလုပ်ရန် အစ္စရေး၏ တောင်းဆိုမှုကို အမေရိကန်က အကြိမ်ကြိမ်ကန့်ကွက်ခဲ့သည်။ သို့သော်လည်း အစ္စရေး ကာကွယ်ရေးဝန်ကြီး Yoav Gallant က အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးရာတွင် ဟားမတ်စ်အား ချေမှုန်းရန်လိုအပ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အီဂျစ်တွင်ကျင်းပသည့် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ဆွေးနွေးပွဲအတွင်း တိုးတက်မှု မရှိခဲ့ကြောင်း သိရသည်။ ဟားမတ်စ်အဖွဲ့က အစ္စရေးနိုင်ငံတောင်ပိုင်းအား အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်ဖွဲ့က ဂါဇာတွင် ထိုးစစ်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အပူလှိုင်း ကျရောက်မှုကြောင့် ၁၅ ဦးထက်မနည်း သေဆုံး

ဒါကာ မေ ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒေသများတွင် လွန်ခဲ့သည့် သီတင်းနှစ်ပတ်အတွင်း အပူလှိုင်းကျရောက်မှုကြောင့် အနည်းဆုံး လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အစိုးရက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

၎င်းတို့ထဲမှ သုံးဦးသည် ၂၄ နာရီအတွင်း သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ သေဆုံးသူအများစုသည် နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသရှိ Magura ခရိုင်မှဖြစ်ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အပူချိန်သည် ၄၃ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒေသအများစုသည် ပြီးခဲ့သည့်နှစ်များအတွင်း အပူလှိုင်းကျရောက်ခြင်းနှင့် ရင်ဆိုင်နေရသည်။ ယင်းအပူဒဏ်ကို ကာကွယ်ရန်အတွက် အစိုးရက နိုင်ငံတစ်ဝန်းရှိ ကျောင်းများ၊ ကောလိပ်များနှင့် ပညာရေးအဖွဲ့အစည်းများကို ပြီးခဲ့သည့်သီတင်းပတ်က ပိတ်ထားခဲ့သည်။

လာမည့်နှစ်များအတွင်း အပူချိန်များ ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိပြီး ကမ္ဘာကြီးပူနွေးလာမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်သည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ပါကစ္စတန်နိုင်ငံ၌ သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုဆောင်ရွက်

အစ္စလာမာဘတ် မေ ၆

ပါကစ္စတန်နိုင်ငံတွင် သစ်တောများ များပြားလာစေရန်နှင့် လေထုညစ်ညမ်းမှုမှ ကာကွယ်ရေးအတွက် သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုကို ယနေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံအတွက် စိုက်ပျိုးခြင်းဟု အမည်ရသည့် ယင်းလှုပ်ရှားမှုသည် နိုင်ငံအတွင်း သစ်တောဧရိယာများပြားလာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

ယင်းလှုပ်ရှားမှုကို ၂၀၂၆ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး တာဝန်ရှိသူများနှင့် လူငယ်များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။

ယခုဆောင်ရွက်ချက်သည် နိုင်ငံအတွင်း လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် သာမက သစ်ထုတ်လုပ်ရေးလုပ်ငန်းကိုပါ အကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့်ကွဲလွဲစွာ ပါရှိလာသည့် တရုတ်နိုင်ငံထုတ် Owen Energy Saving Lamp မီးအိမ် ၈၆၀၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၉၆၃၃၆ ကျပ်)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Vinyl Sheet ၂၇၄၅ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၄၆၉၄၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၀၂၄၃၂၇၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၃ ရက်နှင့် ၄ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့၌ တရားမဝင် အခြားသစ် (၁၀၂ ဒသမ ၆၄၀)တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၃၆၃၇၈၈၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သွန်ဖြူ ပိဿာ ၁၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)နှင့် လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း၊ ကလေးမြို့ ပင်လုံလမ်းမအနီး၌ လိုင်စင်မဲ့ JEEP ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ မန္တလေးမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ကိုရီးယားနိုင်ငံထုတ် ကျောပိုးအိတ် အလုံး ၁၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၈၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အပြင် မေ ၄ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ၁၃၅၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၄ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် MPT ရုံးအနီး၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လားရှိုးမြို့ သိန္နီလမ်း ကန်မိန်းကျောင်းတိုက်အနီး၌ သိန္နီမှ လားရှိုးသို့ မောင်းနှင်လာသောယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကျင်းထုံခြင်နိုင်ဆေးခွေဘူး ၂၁၀၀၀၊ DAN NIYA Fish Beer ဘူး ၁၉၂၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Lifan Dump Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၃၄၂၂၁၆၂ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျောက်ဆည်မြို့နယ်၌ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀၀၀ သိမ်းဆည်းရမိ

နေပြည်တော် မေ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁၀၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀၀၀(ငါးတန်)ကို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက် ည ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရွှောင်-ဟန်မြင့်မိုရ်သွားကားလမ်း သံရွာအနီးတွင် ရွှောင်မှ ကျောက်ဆည်သို့ မင်းမင်းခိုင် မောင်းနှင်ပြီး အောင်ထွန်းနိုင် လိုက်ပါလာသည့် NISSAN DIESEL ၁၂ဘီး ဆီဘောက်ဆာယာဉ်ကို သတင်းအရ ရှာဖွေစစ်ဆေးနေစဉ် ၎င်းတို့နှစ်ဦးမှာ ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ မင်းမင်းခိုင်မှာ သေနတ်ဒဏ်ရာတစ်ချက်ရရှိကာ ၎င်းတို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဆီဘောက်ဆာယာဉ်၏ ဆီများထည့်သည့် အကန့်နှစ်ကန့်အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၁၀၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀၀၀(ငါးတန်)ကို သိမ်းဆည်းရမိခဲ့ကြောင်း။



ပြစ်မှုကျူးလွန်သူအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၅-၂၀၂၄ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရှုတ်သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက်စာကြည့်တိုက် |
| ၀၉:၁၅ | နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း |
| ၀၉:၃၀ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၀ | Sports Diary |
| ၁၀:၃၀ | ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ |
| ၁၂:၃၅ | 'ဘဝမြင့်သွားရခြင်း' တရားတော် |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတေလာ' (အပိုင်း-၅၇) |
| ၁၄:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၉) |
| ၁၅:၃၀ | Weekly MNL Review |
| ၁၆:၃၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၇:၃၀ | မြို့တော်သာယာရေကြည်ဖြာ |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၁၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၃၆) |
| ၂၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'ဝိန်းကြာပက်၌တင်သောဂရေ' (အပိုင်း-၁၉) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn |
| 07:08 | Myanmar's Bamboo Hat |
| 07:22 | Image Of The Monks |
| 07:38 | Clay Art On Canvas: Ricky Zachariah |
| 07:56 | World Asthma Day (1st Tuesday in May) |
| 08:01 | News |
| 08:26 | Global Updates: The Extinction of the World's Mountain Glaciers |
| 08:33 | Ancient Historical Kakku Pagoda |
| 08:42 | The Lives of Stone Slab and Mortar Makers |
| 09:01 | Topical Science Topic (Current Life Expectancy and Longevity) |
| 09:27 | Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life (Re- |
| 09:46 | BE. FALLS PARK |
| 10:26 | Lifestyle & Entertainment (Weekly Updates) |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ခွေးရိုးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ဝိရိယရှိသောကြက်မ

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အသက်အရွယ်ရလာသူများ ရေပိုသောက်သင့်သောအကြောင်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ထမင်းကြမ်းခဲ၏တန်ဖိုး

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ

**ချင်း (လိုင်စိုး) (၁၇:၀၀ မှ ၁၈:၀၀)**
ဟင်းသီးဟင်းရွက်အခေါ်အဝေါ်များ (အပိုင်း-၁)

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
သားရေကွင်းပြုလုပ်နည်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
လှမ်းခဲ့ပါလေရခိုင်မြေ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၄၅ | See Our Planet Program |
| ၁၀:၄၅ | အသိပညာနှင့်အမှန်တရား |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း' |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၀၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁၅) |

### MRTV FARMERS' / H TV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၅၅ | ဒုတိယဆီအိုးပြီးလျှံတိုးအောင် ကြံဆောင်မနေးပြည့်ရှေ့ရေး |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | အချေအတင် (ဇာတ်လမ်း) |
| ၁၉:၃၀ | How American Farmers Raise Millions Of Poultry In The Pasture Chicken Farming |
| ၂၂:၀၀ | Last Day of Wheat Harvest! |
| ၂၃:၀၀ | A visit to Wambugu Apples farmer in Kilimambogo |

### MRTV SPORTS / H TV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၈:၃၅ | ယောဂအစီအစဉ် |

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ညောင်လေးပင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ အကြမ်းဖက်သမားများက လက်လုပ်ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ၏ နေအိမ်များ ပျက်စီး

**နေပြည်တော် မေ ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့အတွင်းသို့ KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၂ ရက် ညပိုင်းတွင် လက်လုပ်ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့သဖြင့် မြို့မ(၂)နှင့် မြို့မ(၃) ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

**ကျရောက်ပေါက်ကွဲ**

ဖြစ်စဉ်မှာ မေ ၂ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ညောင်လေးပင်မြို့၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ မြို့မ(၂) ရပ်ကွက်နှင့် မြို့မ(၃) ရပ်ကွက်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါရပ်ကွက်များအတွင်းရှိ အပြစ်မဲ့ဒေသခံပြည်သူများ၏ နေအိမ် သုံးလုံး ထိမှန်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့/ရွာများအတွင်းသို့ ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ညောင်လေးပင်မြို့ မြို့မ(၂) ရပ်ကွက်(ဝဲပုံ)နှင့် မြို့မ(၃) ရပ်ကွက်(ယာပုံ)တို့၌ အကြမ်းဖက်သမားများက လက်လုပ်ရှေ့တိုက်ဒုံးများ ပစ်ခတ်ခဲ့သဖြင့် လူနေအိမ်များ ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## လပွတ္တာမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**လပွတ္တာ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရတနာဒီပ ဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ စစ်ကြောင်းမှူးကဦးဆောင်၍ ပြိုင်ပွဲဝင် ၁၄ သင်းက ဘင်ခရာတပ်ဖွဲ့နှင့်အတူ ကွင်းအတွင်းနေရာယူပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အားကစားသမားများကို အားပေးနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာပေါင်းစုံမှ အားကစားသမားများပါဝင်သည့် အသင်း ၁၄ သင်းတို့က မေ ၅ ရက်မှ ဇွန် ၂ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**မူမူ**



### ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၉၂၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၆ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၆-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၈-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၄၉၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည် ပြု လူနာသစ် (၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ကျောက်တော်မြို့နယ်၌ လေကြောင်းတိုက်ခိုက်မှုကြောင့် သံဃာတော် တစ်ပါးနှင့် ပြည်သူ သုံးဦး သေဆုံးခဲ့ကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၆**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အလယ်ကျွန်းကျေးရွာကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်က လေကြောင်းတိုက်ခိုက်မှုနှစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် သံဃာတော် တစ်ပါးနှင့် ပြည်သူ သုံးဦး သေဆုံးခဲ့ကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ ယနေ့တွင် ကျောက်တော်မြို့နယ် အလယ်ကျွန်းကျေးရွာ၌ တပ်မတော်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခြင်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ပစ်ခတ်တိုက်ခိုက်**

AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှု ယန္တရားများပျက်ပြားစေရန်အတွက် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တပ်မတော်အပေါ်အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Htwe Htwe Nukyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ လင်းလင်းနွယ်အား မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ကျောက်တံတားမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# အလင်းမှအလင်းသို့ရှေးရှု၊ တောက်ပအနာဂတ် တို့ပြိုင်တူ

ဒေါက်တာမြတ်မိုး

အနေနီးသည်။ ဆယ်စုနှစ်တစ်ခုချီ သိကျွမ်းရင်းနှီးခင်မင်သူ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပေမယ့် သူ့ကို လူရည်ချွန်တစ်ဦးဖြစ်ခဲ့မှန်းမသိခဲ့၊ သတိပင်မထားမိခဲ့။ လူရည်ချွန်တစ်ဦးဖြစ်ခဲ့သည်ကို ဆိုရှယ်မီဒီယာတစ်ခုမှာ အရိပ်အမြွက်မျှသိရတော့မှသာ အရိပ်ပြအကောင်ထင်ခဲ့ရသည်။

၁၉၈၇ ခုနှစ်ကတည်းက လူရည်ချွန်တစ်ဦးဖြစ်ခဲ့ကြောင်းသိရသည်နှင့် သူ့ကို လူရည်ချွန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အခြေခံကိုယ်ရည်ကိုယ်သွေးအရည်အချင်းများဖြင့် ချိန်ထိုးကြည့်မိသည်။ အသက်အရွယ်အပိုင်းအခြား လုပ်ငန်းအတွေ့အကြုံအပေါ်မူတည်ပြီး ရင့်ကျက်မှုတစ်ခုရှိလာသည်မှလွဲ၍ အခြေခံစိတ်ဓာတ်များ ဘာမှပြောင်းလဲမသွားခဲ့။ ယနေ့ သူ့စိတ်ဓာတ်၊ ရိုးသားဖြောင့်မတ်မှုနှင့် ကျိုးနွံနာခံတတ်မှု၊ တစ်ပါးသူကို စာနာကူညီတတ်သည့်ကိုယ်ရည်ကိုယ်သွေးနှင့် ရည်မှန်းချက်ပြီးမြောက်အောင် လုပ်နိုင်စွမ်းသည့် လုပ်ငန်းစွမ်းဆောင်ရည်၊ လူ့အဖွဲ့အစည်းနှင့် ဌာန၊ နိုင်ငံအပေါ် အပြုသဘောဆန်ပြီး ကောင်းစေလိုသည့် ခံယူချက်များကိုကြည့်၍ လူရည်ချွန်စိတ်ဓာတ်နှင့် လူရည်ချွန်ဖြစ်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိသာသွားသည်။



၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

**အခက်အခဲများနှင့်အတူ ကြိုးစားပြင်ဆင်ထားနိုင်မှသာ**

ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်ဟူ၍ အတန်းအစားမရွေး လူရည်ချွန်တစ်ယောက်ဖြစ်လာရန် မလွယ်ကူလှပါ။ လူ(လူကောင်းလူမွန် )၊ ရည် (စွမ်းရည်)၊ ချွန် (ထူးချွန် ) အဓိပ္ပာယ်သတ်မှတ်ချက်အပြည့်ဖြစ်ရန်မှာ ကာယ၊ ဉာဏ၊ စာရိတ္တစွမ်းရည်များမှာ ဘက်စုံထူးချွန်သူ လူကောင်းလူမွန်ဖြစ်ရသည်။ ထို့ကြောင့် မိမိနှင့်ပဲ နှိုင်းယှဉ်ကြည့်မိသည်။ လူငယ်ကျောင်းသားဘဝ လူရည်ချွန်စာမေးပွဲမှာ စာဘက်၊ စာရိတ္တဘက်မှလွဲ၍ ကျန်ကာယစသည့်အပိုင်းများ၌ အထွေထွေအားနည်းချက်များရှိခဲ့သည့် မိမိအဖို့ ရွေးချယ်ခြင်းမခံရ၊ လွဲချော်ခဲ့ဖူးသည်ကို အမှတ်ရမိသည်။

မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဇဟုသုတရေးဖြေနှင့် ဘဝတစ်သက်စာ သိမှတ်စရာ၊ စာရိတ္တ၊ လောကနီတိ၊ မြန်မာ့ယဉ်ကျေးမှု နှုတ်ဖြေအပြင် ကာယကြံ့ခိုင်မှုအပါ ဆန်းစစ်အကဲဖြတ်မှုများစွာကို ကျော်ဖြတ်ရသည်။ ထို့ကြောင့်လည်း ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ဗဟုသုတနယ်ပယ်အစုံတွင် ကျောင်းအဆင့်၊ မြို့နယ်အဆင့်ရေးဖြေနှုတ်ဖြေ အဆင့်ဆင့်ဆန်းစစ်မှုမျိုးစုံဖြင့် ဘက်စုံထူးချွန်၍ တော်လွန်းကောင်းလွန်း၍သာ လူရည်ချွန်ဖြစ်ခဲ့ဖူးသူ၊ ယနေ့ဖြစ်နေကြသူ လူငယ်မောင်မယ်အားလုံးကို လေးစားတန်ဖိုးထား ဂုဏ်ပြုလိုက်ရခြင်း ဖြစ်သည်။



ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်းလူရည်ချွန်စခန်း(ချောင်းသာ)မှ ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များ ဧပြီ ၂၉ ရက်က ပုသိမ်မြို့ပေါ်ရှိ မြန်မာ့ရိုးရာလက်မှုပညာ ပုသိမ်ထီး လုပ်ငန်းကို စိတ်ပါဝင်စားစွာ လေ့လာနေကြစဉ်။

တချို့ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းအထိ ထူးချွန်သူများပါသည်ကို တွေ့ရသည်။ လူရည်ချွန်အဖြစ် ရွေးချယ်ခံရရန်သည် အလွန်ခက်ခဲပါသည်။ အခြားအခြားသော အကောင်းဆုံး၊ အတော်ဆုံး ကျောင်းသားများနှင့် ယှဉ်ပြိုင်အရွေးချယ်ခံရရန်မူလ ကျောင်းစာများအပြင် အခြားသုတပညာရပ်စာပေများကိုလည်း လေ့လာဆည်းပူးထားရသည်။ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရန် နေ့စဉ် အချိန်ပေးကာ နည်းစနစ်မှန်မှန်ဖြင့် အားကစားနည်းများကို လေ့ကျင့်ထားရမည်ထင်သည်။

ပြောမှား၊ ဆိုမှားမဖြစ်အောင်နှင့် အကျင့်စာရိတ္တပိုင်းမှာလည်း အမှားအယွင်းမရှိအောင် စည်းကမ်းရှိရှိ သတိထားနေထိုင်ကြရသည်။ ကံကောင်းဖို့ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလည်း မေ့လျော့ကြမည်မထင်။ ဉာဏ်ကောင်း စာတော်ရုံတင်မပြီး ပေါင်းသင်းဆက်ဆံရေးပါကောင်းသည့် မိတ္တဗလ လူငယ်များလည်း ဖြစ်ရသည်။ ထိုသို့ ကိုယ်တိုင် နှစ်ရှည်လများ အချိန်ယူကြိုးစားအားထုတ်ခဲ့ရသည့် သူတို့ကို နိုင်ငံတော်ကလည်း ခေတ်အဆက်ဆက် တန်ဖိုးထား လေးစားဂုဏ်ယူလျက်ရှိပါသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်မှသည် ယနေ့ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တိုင် ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရသည့် အချို့နှစ်ကာလများကလွဲ၍ “ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း” “လူရည်ချွန်စီမံကိန်း” များဖြင့် လူရည်ချွန်များကို မပြတ်မွေးထုတ်ပေးနေခဲ့ခြင်းဖြစ်သည်။

> ❝ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဗဟုသုတရေးဖြေနှင့် ဘဝတစ်သက်စာ သိမှတ်စရာ၊ စာရိတ္တ၊ လောကနီတိ၊ မြန်မာ့ယဉ်ကျေးမှု နှုတ်ဖြေအပြင် ကာယကြံ့ခိုင်မှုအပါ ဆန်းစစ်အကဲဖြတ်မှုများစွာကို ကျော်ဖြတ်ရသည်။ ထို့ကြောင့်လည်း ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ဗဟုသုတနယ်ပယ်အစုံတွင် ကျောင်းအဆင့်၊ မြို့နယ်အဆင့်ရေးဖြေနှုတ်ဖြေ အဆင့်ဆင့်ဆန်းစစ်မှုမျိုးစုံဖြင့် ဘက်စုံထူးချွန်၍ တော်လွန်းကောင်းလွန်း၍သာ လူရည်ချွန်ဖြစ်ခဲ့ဖူးသူ၊ ယနေ့ဖြစ်နေကြသူ လူငယ်မောင်မယ်အားလုံးကို လေးစားတန်ဖိုးထား ဂုဏ်ပြုလိုက်ရခြင်းဖြစ် ❞

**စံနမူနာပြ မျှဝေတတ်ပြီး အတ္တနည်းသော အသိအမှတ်ပြုခံထိုက်သူများ**

လူရည်ချွန်များကို နိုင်ငံနှင့်ပြည်သူက တန်ဖိုးထားသည့်အတွက် နှစ်စဉ် လေ့လာရေးခရီးစဉ်များ စီစဉ်၍ စေလွှတ်ပေးနေခြင်းဖြစ်သည်။ ရှေးဟောင်းအမွေအနှစ် ပုဂံဒေသ၊ ပင်လယ်ကမ်းခြေစခန်း ငွေဆောင်နှင့် ချောင်းသာ၊ ရှမ်းပြည်နယ်တောင်ပေါ်တောင်ကြီးဒေသများသည် ယခုနှစ်လူရည်ချွန်များအတွက် သုတအစုံနှင့် စိတ်ဝင်စားဖွယ် အတိပြီးသော လေ့လာစရာနေရာများပင်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးဒေသခံတို့၏ လူမှုစီးပွားဘဝများကို လေ့လာခွင့်လည်းရ၊ အသိပညာနှင့် ဒေသန္တရဗဟုသုတလည်းတိုး၊ စုပေါင်းဆောင်ရွက်တတ်မှုအပြင် လူရည်ချွန်အချင်းချင်း ခင်မင်ရင်းနှီးပြီး မိတ်ဆွေလည်းတိုးပွားကာ အပန်းလည်းပြေ၊ ဘုရားလည်းဖူးရန် ရည်ရွယ်ချက်များဖြင့် ဤသို့ခရီးစဉ်များ ဖန်တီးပေးထားခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် မိမိတို့၏ဂုဏ်ဒြပ်ကို ပို၍တန်ဖိုးထား၊ မိမိတို့ရိုးရာယဉ်ကျေးမှုနှင့် မိမိနိုင်ငံ၊ မိမိလူမျိုးချစ်စိတ်ကို ပိုကိန်းအောင်းလာစေရန်ဟူသော ရည်ရွယ်ချက်များလည်း ပါဝင်သည်။ လေ့လာရေးခရီးစဉ်အတွင်း လူရည်ချွန်များ အေးချမ်းပျော်ရွှင်စွာ သွားလာနေထိုင် စားသောက်နိုင်ရေး၊ ကျန်းမာရေးဘေးကင်းလုံခြုံရေး၊ ကြိုဆိုရေး၊ ဖျော်ဖြေရေးမှအစ အစစအရာရာပြည့်စုံအောင် တာဝန်ရှိသူများဘက်က စီစဉ်ပေးကြသည်ဟု သိရှိရသည်။

လူရည်ချွန်များအပါအဝင် ယနေ့လူငယ်များအားလုံးကို နိုင်ငံက တန်ဖိုးထားသည့် အားလျော်စွာ ငြိမ်းချမ်းရေးကို လိုလားပြီး ဖွံ့ဖြိုးတိုးတက်လိုသော ပြည်သူများကလည်း ၎င်းတို့ကို များစွာမျှော်လင့်လျက်ရှိနေကြသည်ဆိုသည်ကို တင်ပြလိုသည်။ အားလုံးသိသည့်အတိုင်း နိုင်ငံက မငြိမ်းချမ်း၊ မအေးချမ်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အတော်အားယူနေရသည့်အခြေအနေဖြစ်သည်။ လက်ရှိအခြေအနေအရ တစ်ဦးချင်းအကျိုးစီးပွားအပြင် လူ့အဖွဲ့အစည်း အကျိုးစီးပွားကိုပါ ကြည့်တတ်၊ မြင်တတ်သည့် လူ့အရင်းအမြစ်တစ်ခုဖြစ်တည်ရန် အထူးလိုအပ်နေသည်။ ယခုကာလသည် တတ်အောင်သင်ပြီး ပညာလည်းတတ်၊ အမြော်အမြင်လည်းရှိ၊ ပညာနှင့် ထိန်းကျောင်းနိုင်စွမ်းသည့် စွမ်းပကားများ အရေးတကြီး လိုအပ်နေသောကာလဖြစ်သည်။ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိသော နိုင်ငံချစ် လူငယ်များကို ယနေ့လူရည်ချွန်စီမံကိန်းများက မွေးထုတ်ပေးနိုင်ရန် မျိုးဆက်သစ်လူငယ်များကို အလွန်မှအားထားနေကြခြင်း ဖြစ်သည်။

ထူးချွန်စာရင်းဝင်မှမဟုတ်၊ ယနေ့အကျပ်အတည်းများအောက်မှာ ပညာသင်ကြားနေရသော မိသားစုတာဝန်၊ လူမှုတာဝန်၊ နိုင်ငံ့တာဝန်ထမ်းရွက်နေကြသော လူငယ်အားလုံးကိုပါ အားပေးစကားပါးချင်သည်။ အထူးသဖြင့် လမ်းမမှားကြဖို့ဖြစ်သည်။ လူရည်ချွန်ဖြေခွင့်ရသော်လည်း အရွေးချယ်မခံရသော ကျောင်းသား ကျောင်းသူများစွာ ရှိပါလိမ့်မည်။ ကြိုးစားလျှင် ဘာမဆိုဖြစ်နိုင်သည်ကိုနှလုံးမူ၍ စိတ်ဓာတ်မကျဖို့၊ ဆက်လက်ကြိုးစား အားထုတ်နေဖို့၊ ဝီရိယမလျှော့ဖို့ တိုက်တွန်းအားပေးလိုပါသည်။ အချင်းချင်းလည်း ဖေးမကူညီအားဖြည့်ပေးရမည်ဖြစ်သလို မိမိတို့ကိုယ်တိုင်ကလည်း အားလုံးက စံနမူနာယူရသော၊ အတုယူအားကျရသော စံပြလူငယ် စံပြကျောင်းသားများဖြစ်အောင် ကြိုးစားနေထိုင်ရပါမည်။ သို့မှသာ မျိုးဆက်တစ်ခုပြီးတစ်ခု အကောင်းတွေကို မှန်ကန်စွာမျှဝေတတ်သော အတ္တနည်းသူများအဖြစ် အသိအမှတ်ပြုရာရောက်ပါမည်။

စာမျက်နှာ ၁၇ သို့ ❍

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထား ကိုးကွယ်ရာဖြစ်သည့် အလောင်းတော်ကဿပ ဘုရားကိုတောင် မိုင်းခွဲ၊ ရွှေခွာလုပ်လာကြတဲ့ ဘာသာမဲ့အကြမ်းဖက်သမားများ ခေါင်းစဉ်ဖြင့် မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အစိုးရကတည် အကြမ်းဖက်သမားက ဖျက်နဲ့ တိုးတက်ဖို့ဝေးနေတဲ့ မြန်မာပြည်မှ လမ်းတံတားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

Myanmar Red Cross Society

ကမ္ဘာ့ကြက်ခြေနီနေ့

World Red Cross Day

**"လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး"**

**"Keeping Humanity Alive"**

၂၀၂၄ ခုနှစ်၊ မေလ (၈) ရက်

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပုသိမ် မေ ၆

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။





### ရည်ရွယ်ကျင်းပ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပိုက်ကျော်ခြင်းအားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် ပူးပေါင်းဆောင်ရွက်လာနိုင်စေရေး စသည့် ရည်ရွယ်ချက်များအပြင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ထူးချွန်ထက်မြက်သည့် ပိုက်ကျော်ခြင်းအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဖွင့်ပွဲစဉ်အဖြစ် အမျိုးသမီးလေးယောက်တွဲ ငပုတောမြို့နယ်အသင်းနှင့် ပန်းတနော်မြို့နယ် အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၃၁၂ ဦးဖြင့် မေ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ နှမ်းစပါး ဧက ၃၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် နွေစပါးဧက ၃၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုး ထုတ်လုပ်ကြပါတယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးဖို့ ၁၆၆ ဧက လျာထားပေမယ့် လက်ရှိအချိန်ထိ ၃၃၄ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ သဖန်းဆိပ်ဆည်ရေနဲ့ ချောင်းရေ၊ မြေအောက်ရေတင်ပြီး စိုက်ပျိုးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နွေစပါးစိုက်တောင်သူများအား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် သက်တမ်းတိုစပါးမျိုးရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ သုံးစွဲနည်း စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

○ စာမျက်နှာ ၁၆ မှ

### တည်ဆောက်ရေးအမြင်ဖြင့် ပညာရှင်ခေါင်းဆောင်များဖြစ်ကြရန်

**❛ လူရည်ချွန်များအပါအဝင် ယနေ့လူငယ်များအားလုံးကို နိုင်ငံက တန်ဖိုးထားသည့်အားလျော်စွာ ငြိမ်းချမ်းရေးကို လိုလားပြီး ဖွံ့ဖြိုးတိုးတက်လိုသော ပြည်သူများကလည်း ၎င်းတို့ကို များစွာမျှော်လင့်လျက်ရှိနေကြသည်ဆိုသည်ကို တင်ပြလိုသည်။ အားလုံး သိသည့်အတိုင်း နိုင်ငံကမငြိမ်းချမ်း၊ မအေးချမ်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အတော်အားယူနေရသည့်အခြေအနေဖြစ်သည်။ လက်ရှိအခြေအနေအရ တစ်ဦးချင်းအကျိုးစီးပွားအပြင် လူ့အဖွဲ့အစည်း အကျိုးစီးပွားကိုပါ ကြည့်တတ်၊ မြင်တတ်သည့် လူ့အရင်းအမြစ်တစ်ခု ဖြစ်တည်ရန် အထူးလိုအပ်နေသည်။ ယခုကာလသည် တတ်အောင်သင်ပြီး ပညာလည်းတတ်၊ အမြော်အမြင်လည်းရှိ၊ ပညာနှင့် ထိန်းကျောင်းနိုင်စွမ်းသည့် စွမ်းပကားများ အရေးတကြီး လိုအပ်နေသောကာလ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိသော နိုင်ငံချစ်လူငယ်များကို ယနေ့ လူရည်ချွန်စီမံကိန်းများက မွေးထုတ်ပေးနိုင်ရန် မျိုးဆက်သစ်လူငယ်များကို အလွန်မှအားထားနေကြခြင်းဖြစ် ❜**

ယနေ့လိုအပ်နေသည့် ပညာအခြေခံသည့် ရိုးသားဖြောင့်မတ်မှုဂုဏ်အပြည့်ပါသော လူ့အဖွဲ့အစည်းသစ်တစ်ရပ်ကို လူငယ်များ၏ အားဖြင့်သာ တည်ဆောက်ရမည်ဆိုသည်ကို အစဉ်သတိရှိကာ နိုးကြားတက်ကြွမှုရှိနေရပါမည်။ သို့မှသာ ပို၍ ပို၍ ကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ရပ်ကို ရရှိပိုင်ဆိုင်လာပေမည်။ အကျင့်စာရိတ္တကောင်းကောင်းဖြင့် တက်ကြွထက်သန်သည့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော လူတန်းစားတစ်ရပ်သည် တိုင်းပြည်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည်ဟု အားလုံးက လက်ခံထားကြသည်ဖြစ်ရာ ယနေ့ လူငယ်မျိုးဆက်များသည် တော်လည်းတော်၊ ကောင်းလည်းကောင်းသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကိုဖြစ်ရပါမည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဗလဟူသည့် ငါးတန်သောစွမ်းအားဖြင့် ယနေ့လူငယ်တို့သည် မိမိတို့တစ်ဦးချင်းစီ၏ ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားနိုင်ကြရမည်။

သို့မှသာ မိမိ မိသားစု၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိတိုင်းပြည်ကို စုစည်းတည်ဆောက်နိုင်မည့်သူများဖြစ်ကာ နိုင်ငံကလည်း မိမိတို့ကို တစ်ဖန် အားကိုးအားထားပြုနိုင်သူများအဖြစ် ယုံကြည်ချက်များ ရရှိလာမည်ဖြစ်သည်။ ဤသည်ပင် နိုင်ငံတည်ဆောက်ရေးအမြင်တစ်ခု ဖြစ်လာပါမည်။ ဘက်စုံထူးချွန်မှုဖြင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်းများကို ညီညွတ်အောင် စုစည်းနိုင်စွမ်းသော နိုင်ငံတည်ဆောက်ရေးအမြင်ရှိသူသည် အားကိုးထိုက်သော အနာဂတ်ခေါင်းဆောင်များအဖြစ် မျှော်လင့်နိုင်ပါသည်။ ထို့ကြောင့် ယနေ့ လူငယ်များသည် ဤနေရာမှာတင် စိတ်ဓာတ်မပျက်၊ အားမလျှော့၊ ရပ်တန့်မနေကြဘဲ ပညာကိုဆုံးခန်းတိုင်အောင် သင်ယူကြဖို့လိုအပ်သလို မိမိကိုယ်ကာယကိုလည်း ကျန်းမာကြံ့ခိုင်သန်စွမ်းအောင် အားကစားနည်းများဖြင့် အစဉ်လေ့ကျင့်ပြီး ကျန်းမာရေးကို ဂရုစိုက်ကြရပါမည်။

**သင်ယူပြီး အသိအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးချပြီး သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် စာများများဖတ်၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးကာ ပညာရှင်အဖြစ်ကို ခံယူနိုင်ဖို့ကြိုးစားကြရမည်။ ထို့ပြင် တစ်ဟုန်တိုး မြန်ဆန်စွာတိုက်စားလာသော မသင့်သောယဉ်ကျေးမှု ရေအလျဉ်မှာ စီးပါမသွားဘဲ မိမိတို့ကိုယ်ပိုင်လူမှုယဉ်ကျေးမှု ဓလေ့အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းသော နိုင်ငံ့သားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားရပါမည်။**

ယနေ့ပစ္စုပ္ပန်ထက် အနာဂတ်ဘဝတွေမှာ ပိုပြီးအားကောင်း၊ ပိုပြီးလှပဖို့ လိုအပ်နေသည်မဟုတ်ပါလား..၊ ထိုသို့ကြိုးစားကြခြင်းဖြင့်သာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပို၍ပို၍တော်လာကာ မြင့်သည်ထက်မြင့်လာမည်ဟု ယုံကြည်ထားပါသည်။ ရှေ့လူထက်နောက်လူကပိုတော်သည်၊ ဆရာထက်တပည့်က ပိုတတ်ကြောင်း တိုင်းတာနိုင်သည့်ပေတံရှိသည့် ဝန်းကျင်ကသာလျှင် "ဖွံ့ဖြိုးမှု" နှင့် "တိုးတက်ကြီးပွားမှု" ဟူသော ဂုဏ်ပုဒ်နှင့် ပြည့်စုံသည်ဆိုသည်ကို သတိပြုရပါမည်။ မိမိမှာပိုင်ဆိုင်ပြီးသား ရိုးသားမှု၊ ဖြောင့်မတ်မှုနှင့် အကျင့်စာရိတ္တကောင်း၊ အနစ်နာခံ အများအကျိုး သယ်ပိုးလိုစိတ်နှင့် တက်ကြွလန်းဆန်းမှု၊ အမျိုးဘာသာသာသနာကိုချစ်မြတ်နိုးစိတ် စသည့် ထိုထိုဂုဏ်ဒြပ်များကို မယုတ်မလျော့အောင် အနာဂတ်မျိုးဆက် အဆက်ဆက်တိုင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဟူသော ခံယူချက်များ ထားရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

**ဤမျှော်လင့်ချက်ဖြင့် ယခင်လူရည်ချွန်ဖြစ်ခဲ့သူများရော ယနေ့လူရည်ချွန် လူရည်မွန်များ၊ ကျောင်းသားကျောင်းသူလူငယ်ထု အားလုံးကိုပါ တန်ဖိုးထားလေးစားသမှုဖြင့် အားပေးဂုဏ်ပြုလိုက်ရပါသည်။** ။

# ကျောက်တန်းမြို့နယ် ဝင်းကြီးကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှု စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

ကျောက်တန်း မေ ၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဝင်းကြီးကျေးရွာ၌ မြစိမ်းရောင် (ငါးကဏ္ဍ)မှ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးခြင်း အခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ကျေးရွာလမ်း၏ အရှည်မှာ ပေ ၄၀၀ ရှိပြီး လမ်းအကျယ် ၁၀ ပေဖြစ်ကာ မြစိမ်းရောင်စီမံကိန်းအတိုးရငွေမှ ငွေကျပ်သိန်း ၁၅၀ ဖြင့် လမ်းခင်းခြင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဝင်းကြီးကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ)ကော်မတီအဖွဲ့ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**



# မိတ္ထီလာခရိုင်၌ ရေသောက်စနစ်ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ ၁၅၄၄ ဧက စိုက်ပျိုးပြီးစီး

မိတ္ထီလာ မေ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေသောက်စနစ်ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ဧက ၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်နေတောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာလုပ်ငန်းကို အခြေခံလုပ်ဆောင်နေကြသည့် ကျေးလက်နေပြည်သူများ စီးပွားရေး တွက်ခြေကိုက်၍ ဒေသနှင့် အဆင်ပြေပြီး အထွက်နှုန်းကောင်းသည့် သီးနှံကို ရွေးထုတ်ရာတွင် ဝါသီးနှံမှာ ရာသီဥတုဒဏ်ခံနိုင်ကာ ဈေးနှုန်းမှာလည်း လျော့နည်းခြင်းမရှိသည့် ဝါသီးနှံကို ရွေးချယ်စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့တွင် ဆည်ရေ၊ ကန်ရေများအပြင် စက်ရေတွင်းများဖြင့် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ဧက ၁၉၅၂ ဧကကို စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့ပြီး မိုးကြိုချည်မျှင်ရှည်ဝါများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိသည်။

### ၁၅၄၄ ဧက စိုက်ပျိုးပြီးစီး

ယင်းသို့ မိုးကြိုချည်မျှင်ရှည်ဝါများ စိုက်ပျိုးရာတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့တွင် ဆည်ရေ၊ ကန်ရေများအပြင် စက်ရေတွင်းများဖြင့် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ဧက ၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အမည်ပြောင်း

သထုံမြို့၊ သရက်တောကျေးရွာနေ (ဘ)ဦးအောင်ဇော်ထွန်း[၁၀/သထန(နိုင်)၁၄၆၉၇၅]၏ သမီး မဝင်းပပထွန်းအား ယနေ့မှစ၍ မဆောင်းလဝန်းအိမ် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

လှိုင်းဘွဲမြို့နယ်၊ ပိုင်ကျုံမြို့နယ်ခွဲ၊ ဒေါ်လန်ကျေးရွာအုပ်စု၊ ကွမ်ဖော်ကျေးရွာနေ ဦးခိုင် [၃/လဘန(နိုင်)၀၀၇၇၁၈]၏ သမီး မိခင်သန်းဝေ [၃/ဘအန(နိုင်)၁၈၁၅၈၂] အမည်မှန်မှာ မိခင်စန်းဝေဖြစ်ပါကြောင်း။

**မိခင်စန်းဝေ**

## ဖြည့်စွက်ဖတ်ရှုပါရန်

(၂၄ - ၄ - ၂၀၂၄) နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၁)ပါ ဒေါ်မြင့်မြင့်ဌေး (တရားလွှတ်တော်ရှေ့နေ)၏ အများသိစေရန် ကြေညာချက်တွင် တိုက်ခန်းအကျယ်အဝန်း(၁၄ ပေ x၅၆ပေ) အစား တိုက်ခန်း အကျယ်အဝန်း (၁၄ ပေ x၅၆ ပေ)၊ထပ်ခိုး ဧရိယာ (၁၄ပေx ၃၇ပေ)ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

(၆-၅-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာမျက်နှာ ၃၀တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်မြလဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)အစား ဒေါ်မြလဲ့ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၂၁၂) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆-D(၁၄၊ ၁၅၊ ၁၆) ကြို့ကုန်း၊ မြေကွက်အမှတ်-၁၀၉၊ ဧရိယာ-၀.၀၇၉ဧက၊ မြေကွက်တည်နေရာအမှတ်-၈၁၊ ၄လမ်း(တောင်)၊ ကြို့ကုန်း(အရှေ့)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးဘဌေး(CA-၀၄၄၁၅၈)၊ ဒေါ်ခင်ခင်ကြီး(CD-၀၁၆၇၂၅)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဘဌေး(ခင်ပွန်း)သည် (၃၀-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်ခင်ခင်ကြီး[၁၂/ကတတ(နိုင်)၀၀၆၂၄၆] (CD-၀၁၆၇၂၅)မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားသော ဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းသည်ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်၍ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန် ၂ စောင်၊ အိမ်ထောင်စုစာရင်း အမည်ပေါက်၏သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်းတင်ပြ၍ ဒေါ်ခင်ခင်ကြီးထံမှ (GP-၁၀၅၀၈/၂၀၂၃(၈-၆-၂၀၂၃)ဖြင့်ရရှိသူ ဦးသန့်ဇင်[၁၂/အစန(နိုင်)၀၇၈၈၉၀]မှ (GP) ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် (GP)မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ နယ်မြေ ၂၊ မ/99 နေ ဦးတိုးဝင်းသူ[၉/တကန(နိုင်)၀၀၁၇၆၃]၏ သား မောင်ထက်ဝေခန့် [၉/တကန(နိုင်)၂၀၄၂၄၂] သည် မိဘများ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ထို့အပြင် ၎င်းအားမိဘများပိုင်ဆိုင်သည့် ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ရယူသုံးစွဲခွင့်မပြုပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် ဦးတိုးဝင်းသူ**
**[၉/တကန(နိုင်)၀၀၁၇၆၃]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃အေ၊ မြေကွက်အမှတ်-၃၂၊ ၀.၀၂၉ ဧက၊ မြေကွက်တည်နေရာအမှတ်(၇၁)၊ ၁၅၅လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်(ဘဒ္ဒန္တဥတ္တမ(-)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဘဒ္ဒန္တဥတ္တမ [၁၂/သခန(သ)၀၀၀၀၀၉] ကိုယ်တိုင်မှ မြေပိုင်မြေအမည်ပေါက်စာချုပ်(မိတ္တူမှန်)သာသနာဝင်ကတ်ပြားတို့ တင်ပြ၍ မြေတိုင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ၁၉၉၆ ခုနှစ်တွင် မြေပုံကူးလျှောက်ထားခြင်း၊ ၂၀၀၅ခုနှစ်တွင် စွန့်လွှတ်မြေပုံကူးလျှောက်ထားခြင်း၊ ၂၀၀၈ခုနှစ်တွင် စွန့်လွှတ်မြေပုံကူး လျှောက်ထားခြင်း၊ ၂၀၀၈ခုနှစ်တွင် အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားခဲ့ခြင်းတို့နှင့် ပတ်သက်၍ ထုတ်ယူခဲ့ခြင်း မရှိပါကြောင်း အဆိုပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၂၉-၃-၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့်အတူ ဘဒ္ဒန္တဥတ္တမမှ ၁-၄-၂၀၂၄ ရက်စွဲပါ ဝန်ခံကတိပြုစာတို့တင်ပြလာပါသဖြင့် ဘဒ္ဒန္တဥတ္တမ၏ မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရင့်နောင် (၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁၄/အေ)၊ မြေကွက်အမှတ်(၂၂/ခ)၊ မြေအမျိုးအစား(G)၊ မြေအကျယ်အဝန်းအလျား(၄၇)ပေxအနံ(၉၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ၁။ဦးသန်းစိုးလွင် [၁၂/မရက(နိုင်)၀၀၈၃၂၂]၊ ၂။ဦးအောင်မျိုးလွင် [၁၂/မရက(နိုင်)၁၂၁၉၀၈]၊ ၃။ဒေါ်ချိုချိုလွင် [၁၂/မရက(နိုင်)၁၀၁၇၂၃]၊ ဒေါ်ပိုပိုလွင် [၁၂/မရက(နိုင်)၁၁၈၃၅၇]တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်လီမေမေ [၁၃/လကန(နိုင်)၀၀၅၂၃၅]က အပြီးအပိုင် ဝယ်ယူရန်အတွက်(စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး** | **ဒေါ်အေးငြိမ်းသူ** | **ဒေါ်နန့်အိဆုမွန်** |
| **(LL.B, DBL)** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၃၁၅)** | **(စဉ်-၅၃၂၃၉)** | **(စဉ်-၄၉၄၀၁)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ နော်မြင့်မြင့်ထွန်း [၁၄/ကလန(နိုင်)၀၉၂၀၅၅] သည် မြေပိုင်ရှင် ဦးစောသန်းထွန်း၏ မြေပေါ်တွင် ကန်ထရိုက်တာ ဦးဇော်မင်းထွန်း [၁၁/သတန (နိုင်) ၁၁၁၉၆၁]မှ တည်ဆောက်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ (၁)လမ်း၊ အမှတ် (၁၀)၊ (ဒုတိယလွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅x၆၀) ပေ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ဥပဒေနှင့် အညီ လက်ဝယ်ထားရှိပိုင်ဆိုင်ထားသည်ဟုဆိုသူ ဦးစောရောနယ် [၁၂/အစန(နိုင်)၀၅၃၃၆၇] မှ ၎င်းတရားဝင် ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်းဖွင့်ဟဝန်ခံ၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို ပေးချေကာ ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ပါ၍အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**နော်မြတ်လေးနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၂၂)**
**အမှတ်-၃၇၊ Inyarlake Hotel, အခန်း(၀၀၇) ကမ္ဘာအေးဘုရားလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ကြည်ကြည်ခိုင်(ဘ)ဦးစိုးတင့်၏ သမီးဖြစ်သူ [၈/ပခက (နိုင်) ၁၇၅၁၉၁] ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ် ME 740948 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-444745142**

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ လူနေရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ်(၃၈၄)၊ ဧရိယာ (၀.၀၅၈) ဧကရှိ နှစ် (၆၀) မြေငှားဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးချစ်ငွေ [၉/မရမ (နိုင်) ၀၅၃၆၆၉] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမှတ် ( ၃၈၄ )၊ သိင်္ဂီ (၄)လမ်း၊ (၂၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်များဖြစ်ပါသည်။ မြေ အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၀၃၆၊ နေ့စွဲ ၂၇-၂-၈၅)**
**အမှတ် (၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၀၅၀၃၂၃၈ ၊ ၀၁-၂၂၃၉၅၆**

**○ အာဆီယံမှ**

စနေနေ့တိုင်း ပြည်တွင်းခြေစမ်းပွဲ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာ ယူ-၁၆ အမျိုးသားအသင်းကို အုပ်ချုပ်သူအဖြစ် ဦးစိုးမြတ်မင်း၊ နည်းပြချုပ်အဖြစ် မိတမီချီတာယူ၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်ဇော်မျိုး၊ ဦးမြတ်မင်းသူ၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်းတို့က ဆောင်ရွက်နေပြီး ကစားသမားများအဖြစ် ဂိုးသမား ထက်ဝေယံဇော် (MFF အကယ်ဒမီ-မန္တလေး)၊ ဘုန်းပြည့် (နေပြည်တော်အကယ်ဒမီ)၊ ရှိုင်းထက်ကျော် (ရာမည)၊ ထက်ဝေယံ(Yangon Focus)၊ နောက်တန်း အောင်သီဟ(ရခိုင်ယူနိုက်တက်)၊ မြတ်မင်းကျော်၊ ဇေယျာထက်၊ မြတ်ဘုန်းခန့်၊ စိုင်းမောဝ်ဟန်၊ မျိုးခန့်ကျော်၊ အောင်သော်ခန့်(MFF အကယ်ဒမီ-မန္တလေး)၊ သီဟအောင်(Soccer Care)၊ ကောင်းခန့်သူ(စစ်ကိုင်းယူနိုက်တက်)၊ ဥာဏ်အောင်၊ ခွန်ဆန်းမင်း(ရှမ်း)၊ အလယ်တန်း သော်ဇင်ကို(ဆုလာဘ်မြင့်မိုရ်)၊ ကျော်သီဟ၊ ဘေလားဖုန်ရမ်၊ ကျော်ညီညီ၊ ဝေငြိမ်းချမ်းလွင်(MFF အကယ်ဒမီ-မန္တလေး)၊ စိုင်းစွမ်ဆိုင်၊ ခွန်မောင်လုံး၊ ခွန်အောင်ဆန်း(ရှမ်း)၊ စွမ်းဇာနည်(ရခိုင်ယူနိုက်တက်)၊ သူရမင်းသန့်(MFF အကယ်ဒမီ-ရန်ကုန်)၊ ရှေ့တန်း ခန့်ဝင်းအောင်၊ မျိုးနန္ဒအောင်(MFF အကယ်ဒမီ-မန္တလေး)၊ ဇော်လင်းအောင်(စီးတီးရွှေပြည်သာ)၊ ညီညီသန့်(ရခိုင်ယူနိုက်တက်)၊ ဇေထက်အောင်(Royal Yangon Thet Lon FC)နှင့် ရှားကိုကို(စစ်ကိုင်းယူနိုက်တက်) တို့ ပါဝင်ကြသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**❖ ကျောဖုံးမှ**

ဖိလစ်ပိုင်နှင့် စင်ကာပူတို့မှ တစ်သင်းစီမှာ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်သည်။ မြန်မာ၊ ဘရူနိုင်း၊ လာအိုတို့မှ တစ်သင်းစီမှာ ခြေစစ်ပွဲ Play-off ကစားရမည်ဖြစ်ပြီး နှစ်သင်းမှာ နောက်ဆုံးအဆင့် တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

နောက်ဆုံးအဆင့်ကို ခြောက်သင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၏ ခြေစစ်ပွဲ Play-off အဆင့်နှင့် နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို မေ ၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှ တာဝန်ရှိသူအချို့ တက်ရောက်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနား(အနောက်)ရပ်ကွက်၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ်(၃၁)၊ (၃၀ ပေ x ၄၀ ပေ) မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းမော် [၁၂/အစန(နိုင်)၂၀၀၈၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချို [၁၂/လမန(နိုင်)၁၀၃၁၀၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သည်။ အထက်ပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံတိကျသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်တင် (LL.B)** | **ဒေါ်သော်သော်မင်းသူ (LL.B)** |
| **(စဉ်–၁၄၂၆၄)** | **(စဉ်–၁၄၁၄၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ရွှေဝါထွန်း (၁)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၄၈၀၄၆၂၅၊ ၀၉–၂၂၀၁၆၉၃**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၂)၊ မြေကွက်အမှတ် (၂၄၆/က)၊ လူနေရပ်ကွက်အမှတ် သောင်ကြီးမြောက်၊ (ယခုအခေါ်အဝေါ်) အိမ်အမှတ်(၂၄၆/က)၊ ပခုက္ကူလမ်းနှင့် ဆောလမ်းထောင့်၊ (၁၀)ရပ်ကွက်ရှိ (အလျား ၂၀' x အနံ ၆၀) ပေဟုခေါ်တွင်သည့် ဦးအေးသိန်းအမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ထားသူ ဒေါ်တင်အိ [၁၂/တတန(နိုင်)၁၀၅၂၉၁] ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင် သတင်းစာကြော်ငြာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်သန္တာဝင်း** | **ဦးစိုးအောင်** |
| **(အထက်တန်းရှေ့နေ) (စဉ်–၅၂၂၉၅)** | **(တရားလွှတ်တော်ရှေ့နေ) (စဉ်–၆၉၁၄)** |
| **B.A(History), PGDL, (Dip in English)** | **B.A, R.L, D.B.L, B.D.S** |

**အမှတ်(၁၆၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၁–၂၂၃၇၉၆၊ ၀၉–၄၄၃၀၀၂၆၀၇၊ ၀၉–၂၅၄၀၆၁၄၆၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၈၁၈)၊ လှိုင်သီရိလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၂၀'x ၆၀')ပေရှိ ဂရန်(မိတ္တူ)ခြမ်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် (မြေကွက်အမှတ်–၈၂၀) နှင့် ကပ်လျက်ဘက်ခြမ်းအား မိမိတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဦးစိုးမွန်အောင် [၁၂/ ဗဟန(နိုင်)၀၉၂၉၈၂]ထံမှအပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးစတီဗင် [၄/ဟခန(နိုင်)၀၄၇၆၀၂]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများမူရင်းများတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး (LL.B, DBL, DIL, DIR)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(၁၃/၄)ရပ်ကွက်၊ မြတ်လေးလမ်းသွယ်(၂)လမ်း၊ မြေကွက်အမှတ်(၁၀၉)၊ အကျယ်ပေ(၆၀ x ၆၀)ရှိ ဦးမောင်မောင်သိန်းအမည်ပေါက် မြေချပါမစ်စာရွက် ထွက်ရှိထားသော ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေ ဦးရမ်းကူမာ[၇/ကတခ(နိုင်)၁၀၃၆၆၇]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် ခြံမြေတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းကို ပေးချေမှုပြုပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက တရားဝင်ပိုင်ပိုင်ဆိုင်မှုဖြစ်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးရမ်းကူမာ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်အောင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့ နေ(စဉ်–၁၅၂၁၁)**
**အမှတ်(၁၉၁/က) ဝင်္ကဘာပန်းခြံ(၄)လမ်း၊ (၈)ရပ်ကွက် ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၄၂၀၀၆၆၈၁၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်–၂၀ နေ ဒေါ်မိုးသူအောင် [၁၂/စခန(နိုင်)၀၀၂၇၇၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးသူအောင် [၁၂/စခန(နိုင်)၀၀၂၇၇၈]၏ သားဖြစ်သူ မောင်နိုင်အောင်လတ် [၁၂/စခန(နိုင်)၀၇၃၄၉၆] သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်နိုင်အောင်လတ် [၁၂/စခန(နိုင်)၀၇၃၄၉၆]နှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သွဲ့သွဲ့လေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၁၂၈၇၅/၉–၄–၁၉၈၆)**
**၁၇/၂၁၊ ၃၅ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၉၆၆၈၆၈၃၉၈၊ ၀၉–၇၅၁၆၄၉၆၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ သမိန်ဗရမ်းလမ်း၊ မြေကွက်အမှတ်(၅၀၉)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ခင်မြတ်မြတ်မိုး [၁၂/ဥကတ(နိုင်)၀၇၉၈၈၃] အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်၏ ခြေရင်းခြမ်းဖြစ်ပြီး မြေကွက်အား မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းဖြစ်သော (၂၀ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အရော င်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ်– ၂၈၉၉/၂၀၂၂ အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမော်ဇင်သန်းထံမှ ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးသန်းနောင်အေး[၁၂/မရက(နိုင်)၁၀၈၁၂၅]မှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၆၅)**
**အမှတ်–၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၂၁၈၀၁၃၊ ၀၉–၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ သရဖီ(၄)လမ်း၊ မြေကွက်အမှတ်(၃၀၁)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးလှဝင်း(AD-၀၆၈၆၆၇)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်(ဦးလှဝင်း)၏ဇနီး ဒေါ်စန်းဝင်း [၁၂/ ကမတ(နိုင်)၀၁၄၁၆၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ-ဦးအောင်မင်းထွန်း[၁၂/ဒဂန(နိုင်)၀၀၀၂၉၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** (LL.B,D.I.L)
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** (LL.B,D.B.L,D.I.L,WIPO switzerland)

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၇)၊ မြေကွက်အမှတ်-(၆၄/က)၊ ဝေပုလ္လလမ်းမ၊ အပိုင်-၈၊ (၂၀)ရပ်ကွက်၊ ဒေါ်ငြိမ်းငြိမ်း ပါမစ်အမည်ပေါက် အကျယ်အဝန်းပေ (အလျား၂၀x အနံ၆၀)ပေမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ လက်ရှိပိုင်ဆိုင်သူကျော်ဇင်ထွန်း [၁၂/လသယ(နိုင်)၀၇၃၀၀၂]ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၄၃၃ )**
**အမှတ်( ၃၈၈/၃၉၈ )၊ ( ၄ )လွှာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၁၅၆၄၆၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃)ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၃၀၆)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၀၆)၊ ဧရိယာ(၂၅'x၅၀')ရှိ ဦးတင်ရှိန် (ISN-421664)အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေ အမျိုးအစားနှင့် ယင်းမြေကွက်ပေါ် တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်နှင့် မြေပေါ် မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ ဝန်ခံကတိပြုပြောဆိုသူဦးအောင်ထွန်း [၁၂/မဂဒ(နိုင်)၀၀၉၇၄၀]နှင့် ဒေါ်လုံးခင် [၁၂/မဂဒ(နိုင်)၀၀၉၁၆၆]တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်မြင့် [၁၂/မဂဒ(နိုင်)၀၀၉၆၁၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်မြင့် [၁၂/မဂဒ(နိုင်)၀၀၉၆၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၅)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၅၆၀၀၇**

## သွားနှုတ်သသမီးအဖြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ရှခင်းသာလမ်း၊ အမှတ်(၇၅၁)နေ ဦးအောင်တင်-ဒေါ်ဝင်းဝင်းခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရကြေညာအပ်ပါသည်။ ဦးအောင်တင်-ဒေါ်ဝင်းဝင်းခိုင်တို့၏ သမီးငယ်ဖြစ်သူဒေါ်ဆင့်ဆင့်အောင်သည် မိဘတို့ဆုံးမသော စကားကိုနားမထောင်ဘဲ ဖီဆန်၍ မိမိသဘောဆန္ဒအတိုင်းပြုလုပ်သွားပါသဖြင့် သွားနှုတ်သသမီးအဖြစ်ကြေညာ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်ကျော်လင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၂)
တိုက်(၉/၁၁)၊ အခန်းအမှတ်(၁၀၃-ဒီ)၊ပ-ထပ်၊၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉ ၅၁၆၁၁၂၈

**သင့်သွေးဖြင့်အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကောလိယ(၁၉)လမ်း၊ မြေကွက်အမှတ်(၄၁၄)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦမှ ပထမထပ်၊(၂-လွှာ)၊(2A)ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၇ပေ x ၅၄ပေ)၊ အမြင့်(၁၀ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာ တွယ်ကပ် တပ်ဆင်ထားသော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ **ဦးဉာဏ်ဘုန်းဝေ[၁၂/ဥကတ(နိုင်)၁၆၅၅၇၁]**မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**ဒေါ်စုစုလှိုင်(LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁၊**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ လူနေရပ်ကွက်အမှတ်(ရွှေပေါက်ကံ)၊ ညောင်ရမ်းလမ်း၊ မြေကွက်အမှတ်(၅၇၈)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးရဲထွန်း[၁၂/လမန(နိုင်)၀၀၄၇၈၃]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**ဒေါ်စုစုလှိုင်(LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁၊**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ပထမအကြိမ်)
## တင်ဒါအမှတ်စဉ်(၁/၂၀၂၄-၂၀၂၅)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဖလမ်းခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက် | - | ၁၄-၅-၂၀၂၄ ရက်မှ ၂၁-၅-၂၀၂၄ရက်ထိ(ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | - | ၂၄-၅-၂၀၂၄ ရက်၊ ညနေ(၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန် | - | ထပ်မံကြေညာပါမည် |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ထပ်မံကြေညာပါမည် |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ ဖလမ်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၉၅၇၉၉၈၀၀၀၊ ၀၇၀-၄၀၀၅၈**

## 9Q –7546 Hino , 300 (Box Track) မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ဒေါ်နှင်းအိအိလွင် [၁၂/ဒဂတ(နိုင်)၀၈၁၈၀၄]နှင့်အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူMEGA EXPRESS Cargo Services Co.,Ltd ၏မန်နေးဂျင်းဒါရိုက်တာ ဦးဗိုလ်ဗိုလ်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

MEGA EXPRESS Cargo Services Co.,Ltd မှလုပ်ငန်းကိစ္စအသုံးပြုရန်အတွက် 9Q –7546 Hino, 300 (Box Track) ကားကို(၄-၁၂-၂၀၁၉)ရက်နေ့တွင် မန်နေးဂျင်းဒါရိုက်တာ ဦးဗိုလ်ဗိုလ်မြင့်က Summit SPA Motors Co;Ltd ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူ အသုံးပြုခဲ့ပါသည်။

9Q –7546 ကားကို MEGA EXPRESS Cargo Services Co.,Ltd ၏ဒါရိုက်တာ ဦးထွန်းထွန်း[၁၂/ဗဟန(နိုင်)၀၃၇၁၃၀]ထံမှ နော်နှင်းဝတီခိုင်က ကားအငှားစာချုပ်ဖြင့် ငှားရမ်း အသုံးပြုခဲ့ပါသည်။ ငှားရမ်းသည့်ကာလ ကျော်လွန်သည့်တိုင်အောင် နော်နှင်းဝတီခိုင်က ပိုင်ရှင်ဖြစ်သူ MEGA EXPRESS Cargo Services Co.,Ltd ထံသို့ ကတိအတိုင်းပြန်လည်အပ်နှံခြင်းမရှိဘဲ MEGA EXPRESS Cargo Services Co.,Ltd ၏တရားဝင်သဘောတူခွင့်ပြုချက်မရှိဘဲ ဦးသူရကို [၁၂/သဃက(နိုင်)၁၄၅၄၅၄] ထံသို့ လွှဲပြောင်းရောင်းချခဲ့ပါသည်။ ၎င်း 9Q –7546 ကားကို ဦးသူရကိုက နော်နှင်းဝတီခိုင်ထံမှ ဝယ်ယူပြီးနောက် ဒေါ်နှင်းအိအိလွင်[၁၂/ဒဂတ(နိုင်)၀၈၁၈၀၄]ထံသို့ လွှဲပြောင်းရောင်းချခဲ့ပါသည်။ အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ဦးသူရကိုက ရောင်းချသူ နော်နှင်းဝတီခိုင်အား သဃ်န်းကျွန်းမြို့နယ် မြို့မရဲစခန်းတွင် တိုင်တန်းခဲ့ရာ ၎င်းတိုင်တန်းချက်နှင့်ပတ်သက်၍ သဃ်န်းကျွန်းရဲစခန်းက နော်နှင်းဝတီခိုင်အပေါ် ရာဇသတ်ကြီးပုဒ်မ-၄၂၀/ကျင့် - ၅၁၂ အရအမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၎င်းအမှုကို သဃ်န်းကျွန်းမြို့နယ် တရားရုံး ၂၀၂၃ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ်-၂၂၇ ဖြင့်တရားစွဲဆိုတင်ပို့ခဲ့ပါသည်။ ၎င်းရာဇဝတ်အထွေထွေအမှုမှ သက်သေများကို စစ်ဆေးပြီးနောက် လျှောက်ထားသူ ဒေါ်နှင်းအိအိလွင်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၃အရ ခံဝန်သူ(၂)ဦးဖြင့် ဒေါ်နှင်းအိအိလွင်အား အမှုအတောအတွင်း လက်ဝယ်ထားထိန်းသိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။ ထိုသို့ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၂၃အရ အမိန့်ချမှတ်ခဲ့ခြင်းမှာ သက်သေခံပစ္စည်း 9Q –7546 ကားကို မည်သူ့လက်ဝယ်ထားရှိထိုက်သည်ဟူသော အချက်ကို အလေးထား၍ ဆုံးဖြတ်ခြင်းသာဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်ကိုဆုံးဖြတ်ခြင်းမဟုတ်ပါ။ ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်းကျရောက်သည်ဖြစ်၍ ကားပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားမကြောင်းအရသာ အရေးယူပိုင်ခွင့်ရှိပါသည်။

သို့ဖြစ်ပါ၍ 9Q–7546ကားကိုလက်ဝယ်ထားထိန်းသိမ်းထားသူ ဒေါ်နှင်းအိအိလွင်အနေဖြင့် အချင်းဖြစ်ကားကို ပိုင်ရှင်ဖြစ်သူMEGA EXPRESS Cargo Services Co.,Ltd ၏ သဘောတူခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးထံသို့ ယခုကြေညာသည့်နေ့မှစ၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

9Q –7546 ၏ ကားပိုင်ရှင်ဖြစ်သူ MEGA EXPRESS Cargo Services Co.,Ltd မှ အချင်းဖြစ်ကားကို ပိုင်ဆိုင်ကြောင်းနှင့် လက်ရောက်ရရှိရန်အတွက် ဥပဒေနှင့်အညီ တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ထပ်လောင်းအသိပေး ကြေညာအပ်ပါသည်။

**မန်နေးဂျင်းဒါရိုက်တာ ဦးဗိုလ်ဗိုလ်မြင့်၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မေစီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၂၇/၂၉-၃-၁၉၉၀)**
**အိမ်/ရုံးအမှတ်(၁၂၆)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-5130371**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ (၂၀) ရပ်ကွက်၊ ဝေပုလ္လလမ်း၊ အမှတ် (၇၁-က)၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ) ရှိ ဒေါ်ကြည်ကြည်ဝင်း (L/RGN-၀၃၈၈၄၄) အမည်ပေါက်ပါမစ်မြေကွက်အား (၁၁-၃-၂၀၁၃) ရက်နေ့တွင် ဦးထွန်းနောင်သက်[၁၂/လသယ(နိုင်)၀၅၈၆၉၇]မှ အဆက်အစပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူ လက်ရောက် ပိုင်ဆိုင်ထားပြီးအရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ဖော်ပြပါ မြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက (၅-၅-၂၀၂၄) ရက်နေ့တွင် "မြေနှင့် တစ်ထပ်တိုက် အဆောက်အဦအရောင်းအဝယ်စရန်ပေးကတိစာချုပ်" ချုပ်ဆို၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေမြင့်သူအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၆၁)**
**အမှတ်(၁၀၇)၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ (၇)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၂၆၁၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်အောင်မင်္ဂလာလမ်း၊ တိုက်၃၅၊ အခန်း ၁၀၁၊ပထမထပ်(ခေါင်းရင်းခန်း) (အလျား၂၅ပေxအနံ၃၅ပေ)အကျယ်အဝန်းရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးမြင့်[၁၂/ဒဂန(နိုင်)၀၀၆၁၂၀]က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍တရားဝင် လက်ရှိပိုင်ဆိုင်ထားပြီး ၎င်းမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော(၁)ဒေါ်စိုးစိုးစံ[၁၁/ဘသတ(နိုင်)၀၁၅၈၃၉]၊(၂)ဒေါ်မြနန္ဒာအောင်[၁၁/ဘသတ(နိုင်)၀၁၇၂၉၄]၊(၃) ဒေါ်ရွှေစင်ဝင်းဝင်း [၁၁/ဘသတ(နိုင်)၀၂၀၀၃၅]တို့က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော်(LL.B, D.B.L, D.I.L, D.I.P.L, DL-101)**
**WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၃၇)**
**အမှတ်- ၉/၁၁၊ မြေညီ၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၃၁၀၅၀၈၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (7-C)၊ မြေကွက်အမှတ် (၃၈)၊ ဧရိယာ (၀. ၀၁၂၃) ဧက၊ မြေကွက်တည်နေရာအမှတ်(၂၅)၊ မြခွာညိုလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေ၊ အမည်ပေါက် (၁)ဒေါ်တင်ရွှေ (ခ) ဒေါ်တင်ဌေး [၁၂/ပဇတ(နိုင်)၀၀၆၀၈၃]၊ (၂)ဒေါ်တင်အေး [၁၂/ပဇတ(နိုင်) ၀၀၅၇၈၁]၊ (၃) ဦးမြင့်ကြည် [၁၂/ပဇတ(နိုင်) ၀၀၆၀၈၄]၊ (၄) ဦးလှမြင့် [၁၂/ပဇတ (နိုင်) ၀၀၅၆၅၇]၊ (၅)ဦးလှမြိုင် [၁၂/စခန(နိုင်)၀၂၁၄၁၅]မြေကွက်အား အမည်ပေါက်များဖြစ်ကြသော ဒေါ်တင်ရွှေ(ခ)ဒေါ်တင်ဌေး [၁၂/ပဇတ(နိုင်)၀၀၆၀၈၃]၊ ဦးမြင့်ကြည်[၁၂/ပဇတ(နိုင်)၀၀၆၀၈၄]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- (၂၁၆၄၉/၂၀၂၃) (၆-၁၀-၂၀၂၃) ရသူ ဦးချစ်မောင် [၁၂/သကတ(နိုင်)၁၀၆၉၇၃]မှ အမည်ပေါက် တို့၏ ဖခင် ဦးမြနှင့် မိခင် ဒေါ်နှင်းမြတို့တွင် သားသမီး(၅)ဦးသာ ထွန်းကားခဲ့ကြောင်း၊ ကျမ်းကျိန်ဆိုသူတို့သည် တစ်မိတစ်ဖတည်းမှ မွေးဖွားလာသော ညီအစ်ကိုမောင်နှမအရင်းအချာများဖြစ်ကြောင်း၊ အမည်ပေါက် ပိုင်ဆိုင်သူများ အနက်မှ ဒေါ်တင်အေး [၁၂/ပဇတ(နိုင်) ၀၀၅၇၈၁] သည် အပျိုကြီးဘဝဖြင့် လည်းကောင်း၊ ဦးလှမြင့် [၁၂/ပဇတ(နိုင်)၀၀၅၆၅၇] သည် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးလှမြိုင် [၁၂/စခန(နိုင်)၀၂၁၄၁၅]သည် လူပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်ပြီး၊ ကွယ်လွန်သူတို့တွင် အခြားသော အမွေစားအမွေခံ သားသမီးများနှင့် မွေးစားကိတ္တိမသားသမီးများ မရှိပါကြောင်း၊ ကွယ်လွန်သူ ဒေါ်တင်အေးနှင့် ဦးလှမြင့်တို့ပိုင်ဆိုင်သည့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များ၏ ကျန်ရစ်ခဲ့သည့် အစုအား ၎င်းတို့၏ အောက်ငယ်ရွယ်သည့် ညီ၊ ညီမငယ်များဖြစ်ကြသော ဒေါ်တင်ရွှေ (ခ) ဒေါ်တင်ဌေးနှင့် ဦးမြင့်ကြည်တို့မှ လည်းကောင်း၊ ကွယ်လွန်သူ ဦးလှမြိုင်ပိုင်ဆိုင်သည့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များ၏ ကျန်ရစ်ခဲ့သည့် အစုအား ၎င်းအောက် ငယ်ရွယ်သည့် ညီငယ်ဖြစ်သော ဦးမြင့်ကြည်မှလည်းကောင်း၊ အသီးသီး အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင်ခြင်း မရှိပါကြောင်း၊ ဒေါ်တင်ရွှေ (ခ) ဒေါ်တင်ဌေး၊ ဦးမြင့်ကြည်တို့ ကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ ပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်အိုင်(ခ)ဒေါ်ညိမ်းတင်(အင်းစိန်)
## အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၄၆၂)၊ လှိုင်မြစ်လမ်းနေ (ဦးဘထွန်း-ဒေါ်ကျင်ထွေး)တို့၏ သမီးကြီး၊ ဦးကျော်ညွန့်ဦး-ဒေါ်အေးအေး၊ ဦးတင်မောင်ထွန်း-(ဒေါ်နီလာဦး)တို့၏ အစ်မကြီး၊ တူ၊ တူမ လေးယောက်တို့၏ ကြီးကြီး၊ မြေး ခုနစ်ယောက် တို့၏ ဘွားဘွားကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄၁/ဃ)၊ ခိုင်ရွှေဝါလမ်း၊ (၁)ရပ်ကွက် နေအိမ်တွင် ၅-၅-၂၀၂၄ ရက် ည ၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၅-၂၀၂၄ ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ၁၁-၅-၂၀၂၄ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းထွန်း အသက်(၈၃)နှစ်
### ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန
## ဒေါ်ယဉ်ယဉ်မြ အသက်(၇၁)နှစ်
### ပါမောက္ခ(ငြိမ်း) ရူပဗေဒဌာန

RC-1 ကန်တော့ခံဆရာကြီး ဦးသန်းထွန်းသည် ၁-၅-၂၀၂၄ ရက်တွင်လည်းကောင်း၊ ဆရာမကြီး ဒေါ်ယဉ်ယဉ်မြသည် ၁၅-၄-၂၀၂၄ ရက်တွင်လည်းကောင်း ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကဆရာများ၊ လူမှုအကျိုးပြုအဖွဲ့၊**
**ပညာဒါနအမှုဆောင်အဖွဲ့၊ အာစရိယပူဇော်ပွဲ**
**ကျင်းပရေးကော်မတီ(RC-1,RUBC,BC)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အမာကြည်
## အသက်(၇၆)နှစ်

ဆေးတက္ကသိုလ်(၂)၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနှင်းဖြူ၏မိခင် ဒေါ်အမာကြည်သည် ၃-၅-၂၀၂၄(သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူးနှင့် ဆရာ၊ ဆရာမများ၊**
**ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အမာကြည်
## အသက်(၇၆)နှစ်

ဆေးတက္ကသိုလ်(၂)၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုသပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနှင်းဖြူ၏ မိခင် ဒေါ်အမာကြည်သည် ၃-၅-၂၀၂၄(သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊**
**ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ကုသမှုအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၀၆၊မြေကွက်အမှတ်-၃၀၇၊မြေကွက်တည်နေရာအမှတ်-၃၀၇၊ရတနာပုံလမ်း၊(၁၀၆)ရပ်ကွက်၊ဒဂုံတောင်၊ဦးမြင့်ကို(၁၂/ဗဟန(နိုင်)၀၃၆၃၃၇)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်-ဦးမြင့်ကို(၁၂/ဗဟန(နိုင်)၀၃၆၃၃၇)မှပါမစ်မူရင်း၊မိသားစုဓါတ်ပုံ၊ရွှေပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပါမစ်မစုံဖြင့်နှစ်(၆၀)မြေငှားဂရန်လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီးဦးမြင့်ကိုမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဦးမြင့်ကို၏(ပါမစ်မစုံ)ဖြင့်နှစ်(၆၀)မြေငှားဂရန်လျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်သိန်း
## အသက်(၈၀)နှစ်

ဒေါက်တာဝင်းရင်-ဒေါက်တာသီသီထွန်း တွဲဖက်ပါမောက္ခ/အထူးကုဆရာဝန်ကြီး(အဏုဇီဝဗေဒ)၊ ဌာနမှူး/ဘက်တီးရီးယားဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနခွဲ၊ ရန်ကုန်မြို့၏ ဖခင်သည် ၃-၅-၂၀၂၄ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အဏုဇီဝဗေဒဘာသာရပ်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်သိန်း
## အသက်(၈၀)နှစ်

ဒေါက်တာဝင်းရင်-ဒေါက်တာသီသီထွန်း တွဲဖက်ပါမောက္ခ/အထူးကုဆရာဝန်ကြီး၊ အဏုဇီဝဗေဒဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ဖခင်သည် ၃-၅-၂၀၂၄(သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစိုးသိန်း(ငြိမ်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၄)၊ မအူကုန်းလမ်းကျယ်နေ ဗိုလ်မှူးစိုးသိန်း(ငြိမ်း)အသက်(၇၇)နှစ်သည် ၄-၅-၂၀၂၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## ကိုဖြိုးကျော်သူ(ခ)ကိုဖြိုး
### (B.Sc Physics)(မြို့မကျောင်းသားဟောင်း)
## အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၃)နေ ဦးကျော်သူဆန်း(သိမ်ကြီးဈေး Eရုံ)-ဒေါ်သီတာအေးတို့၏သားထွေး၊ (ဦးမြင့်သိန်း)-ဒေါ်ဝင်း၊ ဦးမောင်မောင်အုန်း-ဒေါ်ခင်ငွေးသူ၊ ဦးခင်မောင်လတ်-ဒေါ်ဥမ္မာအေး၊ ဒေါ်မို့မို့(သိမ်ကြီးဈေး E ရုံ)၊ ဒေါ်ချိုမာ(သိမ်ကြီးဈေးEရုံ)၊ ကိုလေးနိုင် တို့၏ချစ်လှစွာသောတူ၊ (ကိုရဲကျော်သူ)-မဝတ်ရည်ဝင်း၊ ကိုလင်းကျော်သူ-မလပြည့်ဝန်း၊ ကိုအောင်ကျော်သူ-(မထွန်းအိန္ဒြာကျော်)၊ ကိုဇင်မင်းလတ်-မအိအိမြတ်မွန်ငွေး၊ ကိုတင်မော်လတ်၊ ကိုတင်ကျော်လတ်-မဝေဝေထက်တို့၏ညီ/အစ်ကို၊ တူ/တူမ လေးယောက်တို့၏ဦးလေး ကိုဖြိုးကျော်သူ(ခ)ကိုဖြိုးသည် ၅-၅-၂၀၂၄ ရက် ည ၉:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၄ (အင်္ဂါနေ့) နံနက် ၉ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## “အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄)မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၈/က)တွင် နေထိုင်သူ ဒေါ်ရီရီမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အမှတ်(၆၇)၊ မဟာဗန္ဓုလလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်တွင် နေထိုင်သူ ဒေါ်နွဲ့နွဲ့အေး အမည်ပေါက်ပိုင်ဆိုင်သည့် **ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ VIP(၂) ရပ်ကွက်၊ မင်းလမ်းရှိ အမှတ်(၃၃)ဟုခေါ်တွင်သော မြေဧရိယာ (၆၀) ပေx (၆၀) ပေ ရှိမြေကွက်အား ကာလတန်ဖိုးဖြင့် ရောင်းချဝယ်ယူရန် သဘောတူညီကြပြီးနောက် (၁၂-၄-၂၀၂၄) ရက်နေ့တွင် ရောင်းဖိုးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား** ကျွန်ုပ်မိတ်ဆွေမှ ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်နွဲ့နွဲ့အေးတို့ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုက ဤကြေညာချက်ပါသည့်နောက်ပိုင်း (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ မြေကွက်၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၅)**
**အမှတ်-၁၅၅၊ ၁၅၇ (၃၇)လမ်းအလယ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း- ၀၉-၂၆၂၉၀၉၅၈၁၊ ၄၂၀၄၃၂၅၁**

## ဒေါ်မြခင်
## အထက်တန်းပြ(ငြိမ်း)
## အ.ထ.က(၃)မင်္ဂလာတောင်ညွန့်
## အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်းနေ ဦးသိန်းဇံ-ဒေါ်လှခင်တို့၏ညီမ၊ (ဦးအောင်ဆွေ)-ဒေါ်လေးဆွေ၊ ဒေါက်တာ ဦးရဲထွဋ်-ဒေါ်စံပယ်၊ (ဦးရဲတင့်)-ဒေါ်အေးမြင့်တို့၏အစ်မ၊ တူ၊ တူမ ကိုး ယောက် တို့၏ အဒေါ်သည် ၂၀-၄-၂၀၂၄ (စနေနေ့) နံနက် ၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူ၏ ကောင်းမှုဒါနအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ရန်ကုန်တွင် နှစ်စဉ်မေလ (၁)ရက်နေ့တိုင်း သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရန် ရာသက်ပန်ဆွမ်းပဒေသာပင်ကို မတည်လှူဒါန်းပါသည်။

**ကုသိုလ်အမျှ ယူတော်မူကြပါ**
**အမျှ အမျှ အမျှ**
**သာဓု သာဓု သာဓု**

## ဦးအောင်ဆန်း
### ကျိုက်လတ်- သဖြူဆိပ်
### နာယက-ကျိုက်လတ်မြို့နယ်အသင်း
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်းမ၊ အမှတ်(၂၇) နေ (ဦးသန်းတင်-ဒေါ်တင်လှ)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်မိမိကြီး) တို့၏ သားသမက်၊ (ဒေါ်သိန်းနွယ်)၏ မောင်၊ ဦးထွန်းကြိုင်-ဒေါ်ခင်စီ တို့၏ အစ်ကို၊ (ဒေါ်ဖြူဖြူ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင့်လွင်-ဒေါ်နီလာအောင်၊ ဒေါ်စန္ဒာအောင်၊ ဦးစည်သူအောင်-ဒေါ်မိုးမိုးခိုင်၊ ဦးဝင်းညိမ်း-ဒေါ်အိဖြူအောင် တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး လေးယောက် တို့၏ အဘိုးသည် ၅-၅-၂၀၂၄ (တနင်္ဂနွေနေ့) ညနေ ၅:၂၅ နာရီတွင် (၉၆) ပါးသောရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၇-၅-၂၀၂၄ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၆၇၄)ရှိ တိုက်၏(ဒုတိယထပ်)(၃-လွှာ)၊ (တိုက်မျက်နှာမူဘယ်)အကျယ်အဝန်း(အလျား ၁၂.၅x အနံ ၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟုအဆိုပြုသူ **ဦးဇေယျာဝင်း[၁၄/ညတန(နိုင်)၁၃၂၉၁၇]၊ ဒေါ်ဝတ်ရည်ကျော်[၁၂/ရပသ(နိုင်)၀၇၉၃၇၀]**တို့မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခိုင်ခိုင်ထွန်း**မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်ထွန်း ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်နှင်းနုစိုး(LL.B, D.B.L, D.M.L)** | **ဒေါ်ခင်ခင်ဆွေ (LL.B, WIPO (Switzerland)** | **ဒေါ်အိအိပိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)** |

**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၀၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ်(၃၀၆/က)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ( ၅ )ထပ်တိုက် အဆောက်အအုံရှိ အကျယ်အဝန်းပေ(၁၈x၅၄) ရှိသော စတုတ္ထထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တိုးတိုးလွင်[၁၂/ဥကမ(နိုင်)၀၀၆၅၇၉]မှ ၎င်းတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ၎င်းထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်ဇင်သန့်[၁၂/ဥကမ (နိုင်)၂၄၄၂၀၈]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အထက်ပါတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးသည်အထိဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးဆက်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၂၇/၂၀၂၀)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၁)၊ STRAND Condominium၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

လေအေးပေးစက်၏ အပူချိန်ကို နေသာထိုင်သာရှိသော 24~25° ခန့်ရှိရှိသာ အသုံးပြုသင့်ပါသည်။






**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ


**ရေအရင်းအမြစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ဖို့ ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၀

**အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများ ကျရောက်မှုကြောင့် ကျောင်းများပိတ်ထားရ**

စာမျက်နှာ » ၁၃

**ညောင်လေးပင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ အကြမ်းဖက်သမားများက လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ၏ နေအိမ်များ ပျက်စီး**

စာမျက်နှာ » ၁၅


## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၆

| | | |
|---|---|---|
| ဇောင်းတူ | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၁ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၄၁ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၄၁ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၀ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

## အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်

ရန်ကုန် မေ ၆

မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းသည် ဇွန်လတွင် ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။



မြန်မာ ယူ-၁၆ အသင်းသားများ ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်နေစဉ်။

မြန်မာ ယူ-၁၆ အသင်းသည် မတ်လကတည်းက လေ့ကျင့်မှုပြုလုပ်ခဲ့သော်လည်း ဧပြီလကုန်ပိုင်းမှသာ ပဏာမကစားသမား ၃၁ ဦး အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် အကယ်ဒမီကျောင်းများမှ ကစားသမားများ၊ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ကျင်းပပြီးစီးခဲ့သည့် FIFA-MFF ယူ-၁၅ လိဂ်ပြိုင်ပွဲမှ ကစားသမားများ ပါဝင်လာပြီး လူရွေးပွဲ နှစ်ကြိမ်နှင့် ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်ပြီးမှ ကစားသမားများ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသားအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မိတမိချီတာယူက ကိုင်တွယ်နေပြီး ယခုနှစ်အတွင်း ပထမဆုံးပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် သင်္ကြန်ကာလ၌ပင် အနားမယူဘဲ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲ မကစားရသေးသော်လည်း အပတ်စဉ်ဗုဒ္ဓဟူးနှင့် စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○

## ၂၀၂၄-၂၀၂၅ အာဆီယံ ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်မည်



၂၀၂၄-၂၀၂၅ အာဆီယံ ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ရှမ်းယူနိုက်တက်အသင်း ကစားသမားများ လေ့ကျင့်နေစဉ်။

ရန်ကုန် မေ ၆

ယခုနှစ်တွင် ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ အာဆီယံ ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရှမ်းယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနောက်ဆုံးအဆင့်တွင် အသင်း ၁၂ သင်း၊ ခြေစစ်ပွဲ Play-off အဆင့်တွင် လေးသင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲ Play-off အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲအဆင့်မှ နှစ်သင်း တက်ရောက်ခွင့်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ကစားခွင့်ရ ၁၀ သင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၃ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်တွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားတို့မှ နှစ်သင်းစီ၊ စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖